Voice of Burma

Published by Voice of Burma Information Group
Issue No. 720 July 26, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com

# ကုလနဲ့နိုင်ငံတကာအသိုင်းအဝိုင်းကို ဒေါ်အောင်ဆန်းစုကြည် အမှာစကားပါး

**NEJ ၊ ဂျူလိုင် ၂၄ ။** ။ အင်းစိန်တရားခွင်ကို ယနေ့ပြန်လည်စတင်ရာ ဒေါ် အောင်ဆန်းစုကြည်က ၎င်း၏ရှေ့နေများမှတဆင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အမှာစကားတခုပါးလိုက်ပါတယ်။

"ကုလသမဂ္ဂအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရင်မလုပ်ဘဲနဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလုပ်မယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲဟာ မျှတမှုလည်းမရှိဘူး၊ တရားဝင်မှာလည်းမဟုတ်ဘူးဆိုတာကို ကုလသမဂ္ဂအနေနဲ့ ကြေညာချက်တို့ဘာတို့ထုတ်ပြီး ပြောသင့်တယ်တဲ့။ အဲလို ပြောလိုက်တယ်။" လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့မှာကြားချက်ကို ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုံးကြိုင်ကတဆင့် ပြန်လည် ပြောပြပါတယ်။

ယခင်တရားခွင်များကို နံနက် ၁၀ နာရီတွင် အမှုစတင်ကြားနာလေ့ရှိသော်လည်း ယနေ့တရားခွင်ကို နေ့လည် ၂ နာရီတွင်မှ စတင်ကြားနာပြီး ရှေ့နေ ကြီးဦးကြည်ဝင်းက ဒေါ်အောင်ဆန်းစုကြည်အတွက် အပြီးသတ်လျှောက်လဲချက်ပေးခဲ့သည်။ ထို့နောက် တရားခွင်ကို ညနေ ၄ နာရီခွဲတွင် ရပ်နားကာ ဂျူလိုင် ၂၇ ရက်သို့ ပြောင်းရွှေ့ချိန်းဆိုလိုက်ပါတယ်။

တရားခွင်အချိန်ပြောင်းရွှေ့ကြားနာမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်က ကျေနပ်မှုမရှိကြောင်း ၎င်း၏ရှေ့နေများကို ပြောကြားခဲ့တယ်လို့သိရပါတယ်။ ယနေ့တရားခွင်သို့ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် အမေရိကန်နိုင်ငံတို့မှ သံတမန်များကိုလည်း တက်ရောက်နားထောင်ခွင့်ပြုခဲ့သော်လည်း သတင်းမီဒီယာများကိုမူ တက်ရောက်ခွင့်မပေးခဲ့ပါ။

အင်းစိန်ဈေးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို အားပေးထောက်ခံသူများ ပိုမိုများပြားလာသကဲ့သို့ လုံခြုံရေးချထားမှုလည်း ပိုမိုများပြားတယ်လို့ ကိုယ်တိုင်သွားရောက်ခဲ့သူ ဦးအုံးကြိုင်ကပြောပါ တယ်။

"ဆရာဦးဝင်းတင်လည်း ကျန်းမာရေးမကောင်းတဲ့ကြားထဲကဘဲ ဆိုက္ကားစီးပြီးလာတယ်။ ဦးအေးသာအောင် လည်းလာတယ်။ အဲန်အဲယ်လ်ဒီပါတီဝင်တွေလည်း လာကြတယ်။" လို့ ပြောပါတယ်။

လာမယ့် တနင်္လာနေ့ရုံးချိန်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမှုတွဲဖြစ်သူ ဒေါ်ခင်ဝင်းနှင့် မဝင်းမမတို့အတွက် အပြီးသတ်လျှောက်လဲချက်ကို ရှေ့နေဦးလှမျိုးမြင့်က လျှောက်ထားမှာဖြစ်ပါတယ်။

နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်း အမေရိကန်နိုင်ငံသား မစ္စတာ ယက်တောဝင်ရောက်ခဲ့မှုအတွက် နအဖစစ်အုပ်စုက မေ ၁၈ ရက်တွင် နေအိမ်အကျယ်ချုပ်ဖောက်ဖျက်မှု ပုဒ်မ ၂၂ ဖြင့် အင်းစိန်အထူးတရားရုံးမှာ ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုခဲ့ခြင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်တို့အား တရားစွဲဆိုမှုတွင် နအဖစစ်အုပ်စုဘက်က တရားလိုပြသက်သေ ၁၅ ဦးထွက်ဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဘက်မှ သက်သေ ၂ ဦးသာ တင်သွင်းခွင့်ပြုထားပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်ဖြင့် ၁၃ နှစ်ကျော်ကြာ စစ်အုပ်စုရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ယခုအမှုဖြင့် တရားစီရင်ခြင်းခံရပါက ဒေါ်အောင်ဆန်းစုကြည်သည် ထောင်ဒဏ် ၅ နှစ်အထိ ကျခံရဘွယ်ရှိပါတယ်။

# အာဆီယံဆွေးနွေးပွဲ မြန်မာ့အရေး ထိပ်ဆုံးမှာရှိနေ

**BBC ၊ ဂျူလိုင် ၂၄ ။** ။ ARF အာဆီယံနဲ့ ဆွေးနွေးဘက်နိုင်ငံများ ဆွေးနွေးပွဲ မှာ မြန်မာ့အရေးကိစ္စကဦးစားပေးပြီး ထိပ်ဆုံးပိုင်းကဆွေးနွေးရတဲ့ခေါင်းစဉ်ဖြစ်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးတက်ရောက်ခဲ့တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ်ဖီရမ်းက ဒေသတွင်းကနိုင်ငံအားလုံးက မြန်မာ့အရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂရဲ့ဆောင်ရွက်ချက်တွေကို ပူးပေါင်းဆောင်ရွက်ဖို့အသင့်ရှိတဲ့အကြောင်း သူတို့ရဲ့ဆန္ဒတွေကို ထုတ်ဖော်ပြောခဲ့ကြကြောင်း သတင်းထောက်တွေကို ပြန်ပြောပြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်လည်း အစည်းအဝေးကိုတက်ရောက်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးနဲ့ လွှတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရေးဟာ အမေရိကန်နိုင်ငံ

စာမျက်နှာ ၄ မှ

ဒုံးကျည်ပစ်လွှတ်မှုဆိုင်ရာ စက်တလုံးမြန်မာနိုင်ငံပို့သူ ဂျပန်ရဲကဖမ်းဆီးလိုက် — စာမျက်နှာ ၂

ဒေါ် အောင်ဆန်းစုကြည် လွှတ်မြောက်ရေး ရုံးချိန်းနေ့ မှာ တနိုင်ငံလုံးဆုတောင်းကြ — စာမျက်နှာ ၅

အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုသူများ ဟန့်တား နှောင့်ယှက်ခံရ — စာမျက်နှာ ၁၀

တာချီလိတ်မြို့တွင် လူနှစ်ဦးကို အမည်မသိသေနတ်သမားတဦးက ပစ်သတ် — စာမျက်နှာ ၁၃

ဒေါ် အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် ဟီလာရီကလင်တန် တိုက်တွန်း — စာမျက်နှာ ၁၈

VOB အာဘော်

# စိုးရိမ်ဖွယ်ညျူကလီယားဆက်ဆံရေး

ကျင်းပပြီးစီးခဲ့သည့် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ ARF တွင်မြောက်ကိုရီးယားအရေးသည် အဓိကဆွေးနွေးသည့်အကြောင်းအရာဖြစ်ခဲ့သည်။ အာရှနှင့် ပစိဖိတ်ဒေသမှ နိုင်ငံပေါင်း ၂၇ နိုင်ငံတက်ရောက်ခဲ့သည့်အဆိုပါအစည်းအဝေးက မြောက်ကိုရီးယား၏ညျူကလီယားအရေးသည် အာရှဒေသတွင်းအတွက်သာမက နိုင်ငံတကာအသိုင်းအဝိုင်းကိုပါ ခြိမ်းခြောက်သည်ဆိုသည့်အယူအဆကြောင့် ထိုကိစ္စသည် ဆွေးနွေးပွဲ၌ အဓိကအကြောင်းအရာဖြစ်ခဲ့သည်။

မြောက်ကိုရီးယားသည် ညျူကလီယားနှင့် ဒုံးကျည်စမ်းသပ်မှုများပြုလုပ်ကာ ကမ္ဘာကိုခြိမ်းခြောက်နေခဲ့သည်။ ထိုပြဿနာသည် မြောက်ကိုရီးယားနိုင်ငံတွင်း၌သာမနေပေ၊ မြောက်ကိုရီးယားအာဏာရှင်များသည် ညျူကလီယားပြဿနာနှင့် ဒုံးကျည်ပြဿနာကို မြန်မာစစ်အာဏာရှင်များသို့တင်ပို့နေသည်။ မြန်မာစစ်အာဏာရှင်များကလည်း မြောက်ကိုရီးယားလမ်းစဉ်ကိုလိုက်လျှင် အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် စိတ်အေးရမည်ဟု ယုံကြည်ထားပုံရသည်။ ထို့ကြောင့် တိုင်းပြည်တွင်း ပြည်သူအများဆင်းရဲငတ်မွတ်နေချိန်တွင် လူသတ်လက်နက်နှင့် အဖျက်စွမ်းအားကြီးမားလှသည့်လက်နက်များကို လက်ဝယ်ပိုင် ဆိုင်နိုင်ရေးကြိုးပမ်းနေသည်။

နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အုပ်စု၏လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ပြစ်တင်ရှုတ်ချ၊ ဒဏ်ခတ်အရေးယူနေခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်သည်၊ ထို့အပြင် ဖိအားပေးမှုကလည်း လျော့သွားသည်မရှိ၊ အရှိန်မြင့်တက်လျက်ရှိသည်။ နအဖစစ်အုပ်စုက ထိုဖိအားများကိုတန်ပြန်နိုင်သည်မှာ မြောက်ကိုရီးယားလမ်းစဉ်တခုသာရှိသည်ဟု မှတ်ယူထားသည်။ မြောက်ကိုရီးယားနှင့် နအဖတို့သည် ညျူကလီယားနှင့်ဒုံးကျည်ဆက်ဆံရေးကို တိုးမြှင့်နေခဲ့သည်။ ဤသို့သော အခြေအနေများက အမေရိကန်နှင့် အနောက်နိုင်ငံများ၏စိုးရိမ်စိတ်ကို မြင့်တက်လာစေခဲ့သည်၊ ထို့ကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ထိုနှစ်နိုင်ငံအကြားစစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်ရာရောက်သည်ဟု ARF ဆွေးနွေးပွဲတွင် ပြောဆိုခဲ့သည်၊ ထို့ကြောင့် အမေရိကန်က ၄င်း၏မဟာမိတ် ထိုင်းနိုင်ငံအားခြိမ်းခြောက်ရာရောက်သည်ဟု အလေးထားစဉ်းစားသည့်အကြောင်းသတိပေး ပြောဆိုသည်။

ဤသတိပေးချက်ကို နအဖစစ်အာဏာရှင်များ အထူးအလေးထားစဉ်းစားရန်လိုအပ်သည်။ အကြောင်းမှာ အမေရိကန်အပါအဝင် အနောက်နိုင်ငံများက မြန်မာစစ်အာဏာပိုင်များက နိုင်ငံတကာအသိုင်းအဝိုင်း၏သဘောထားအမြင်ကို လေးစားမည်ဆိုလျှင် ၄င်းတို့ဘက်က ဆက်ဆံရေးနှင့် ကူညီပံ့ပိုးရေးကို တိုးမြှင့်လုပ်ဆောင်ရန်ရှိသည်ဆိုသည့်ကမ်းလှမ်းမှုများကလည်း ရှိနေခြင်းကြောင့်ဖြစ်သည်။

တိုးတက်ပြောင်းလဲနေသော ခေတ်ကာလကြီးတွင် နိုင်ငံတကာဆက်ဆံရေးတိုးတက်ကောင်းမွန်မှုသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုးတက်ရေးကို များစွာအထောက်အကူပြုပေသည်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော၊ ဆင်းရဲသောနိုင်ငံများအတွက် အထူးအရေးပါလှသည်။ ထို့ကြောင့် မြန်မာစစ် အာဏာပိုင်များအနေဖြင့် မယုံကြည်စိတ်လွန်ကဲမှု၊ အကြောက်တရားလွန်ကဲမှုများဖြင့် အရာရာကို ရှုမြင်ခြင်းမပြုပဲ မိမိတို့သားစဉ်မြေးဆက်တို့၏အနာဂတ်၊ နိုင်ငံ၏အနာဂတ်၊ ပြည်သူများ၏အနာဂတ်အကျိုးကို မျှော်ကိုးတွက်ချက်၍ ဆင်ခြင်တုံတရားရှိရှိဖြင့် လုပ်ကိုင်ရန်လိုအပ်ပြီဖြစ်ကြောင်း သတိပေးရေးသားလိုက်ရပေသည်။

---

# ဒုံးကျည်ပစ်လွှတ်မှုဆိုင်ရာ စက်တလုံးမြန်မာနိုင်ငံပို့သူ ဂျပန်ရဲကဖမ်းဆီးလိုက်

**RFA । ဂျူလိုင် ၂၄ ။** ။ ဒုံးပျံပစ်လွှတ်မှုဆိုင်ရာသုံး စက်တလုံးကို ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံကိုတင်ပို့ခဲ့တဲ့ ဂျပန်စီးပွားရေးသမားတဦးကို ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဂျပန်ရဲတွေက ဒီကနေ့ ဂျူလိုင် ၂၄ ရက်မှာ ကြေညာလိုက်ပါတယ်။

တိုကျိုမြို့ ရှင်ဂျူကုမြို့နယ်မှာရှိတဲ့ တိုကိုအရောင်းအဝယ်ကုမ္ပဏီဥက္ကဋ္ဌ မစွတာလီဂယောင်ဂိုး ကို ဂျပန်ရဲတွေက ဖမ်းဆီးလိုက်တာဖြစ်ပါတယ်။ မြောက်ကိုရီးယားလူမျိုးလို့ ယူဆရတဲ့ အသက် ၄၁ နှစ်အရွယ် မစွတာလီဂယောင်ဂိုးဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတုန်းက ဒုံးပျံပစ်လွှတ်မှုဆိုင်ရာသုံး စက်တလုံးကို ဂျပန်အစိုးရရဲ့ခွင့်ပြုချက်မယူဘဲ ဂျပန်နိုင်ငံ၊ နာဂိုယာဆိပ်ကမ်းကနေ မြန်မာနိုင်ငံကို ပြီးခဲ့တဲ့ နိုင်ဝင်ဘာ ၂၀ ရက်နေ့က တင်ပို့ခဲ့ပါတယ်။

ဒါကို ဂျပန်ရဲကစုံစမ်းသိရှိခဲ့တာကြောင့် သူ့ကို အခုလို ဖမ်းဆီးရတာဖြစ်ကြောင်း သိရှိရပါတယ်။ အဲဒီ စက်ဟာ ယူရေနီယံသတ္တုသန့်စင်ရေးလုပ်ငန်းမှာလည်း သုံးစွဲနိုင်တယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကို RFA ကဆက်သွယ်မေးမြန်းရာမှာ အမည်မဖော်လိုတဲ့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိတဦးပြောတာက လူအများ အစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ ဒုံးပျံပစ်လွှတ်မှုမှာ သုံးနိုင်တဲ့စက်တလုံးကို မြန်မာနိုင်ငံကို တင်ပို့ဘို့ကြိုးစားခဲ့တဲ့ ဂျပန်ကုမ္ပဏီပိုင်ရှင်တဦးကို ဖမ်းဆီးခဲ့တာမှန်ကြောင်း ပြောဆိုပါတယ်။

အဲဒီကုမ္ပဏီပိုင်ရှင်ရဲ့ လုပ်ဆောင်ချက်ဟာ ဂျပန်နိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်နေတာဖြစ်ကြောင်း ပြောဆိုပါတယ်။ ဒါ့အပြင် မစွတာလီဂယောင်ဂိုးကို ငွေကြေးဆိုင်ရာ ဥပဒေအရရော တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ဥပဒေအရပါ အရေးယူဘို့ရှိတယ်လို့ ဂျပန်သတင်းဌာနတွေက ဖော်ပြကြောင်း တိုကျိုမြို့မှာနေထိုင်တဲ့ ဒေါ်ချိုချိုအေးက ပြောပြပါတယ်။

“ဂျပန်မှာနေတဲ့ မြောက်ကိုရီးယားသား၊ ဖမ်းတယ်လို့တော့ကြားတယ်။ မြောက်ကိုရီးယားသား ဂျပန်မှာနေတဲ့လူက ပွဲစားလုပ်သွားတာကိုး။ ပြီးတော့ ဂျပန်ကလည်း တခုတခုအရေးယူဘို့ လုပ်တယ်လို့တော့ ပြောတယ်။ မြောက်ကိုရီးယားကိုပို့တဲ့ပိုက်ဆံတို့၊ မြောက်ကိုရီးယားနဲ့ပတ်သက်တဲ့ဘဏ်၊ ပိုက်ဆံပို့တဲ့ဟာတွေကို သူတို့ချုပ်မယ်ပေ့ါနော်။

မြောက်ကိုရီးယားကိုပို့တဲ့ ပိုက်ဆံတော်တော်များများက ဂျပန်မှာရှိတဲ့ မြောက်ကိုရီးယားသားတွေက ထောက်တာ။ အဲဒီတိုင်းပြည်ကို သဘော်နဲ့အကူးအသန်းအသွားအလာ လုပ်တဲ့လူတွေတို့ နောက်ပိုင်းက ထွက်နေတဲ့ပိုက်ဆံတွေလည်း ဂျပန်အစိုးရက စိစစ်ပြီးတော့ ကြပ်မတ်သွားမယ်၊ အဲဒီလိုမျိုးတော့ကြားတယ်။”

အခုဖမ်းဆီးခံရတဲ့ လုပ်ငန်းရှင်ဟာ ဒီစက်အတွက် မြန်မာအစိုးရထံက အမှာစာကို မြောက်ကိုရီးယားနဲ့ဖက်စပ်ထူထောင်ထားတဲ့ တရုတ်နိုင်ငံကုမ္ပဏီတခုကတဆင့် ရရှိခဲ့တယ်လို့ဆိုပါတယ်။ အဲဒီစက်ကို မြန်မာနိုင်ငံအမှတ် ၂ စက်မှုဝန်ကြီးဌာနကို လိပ်မူပြီး ပေးပို့ခဲ့တယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ဇွန်လကုန်ပိုင်းကလည်း အလားတူ ဖြစ်ရပ်မျိုးအတွက် တိုကျိုမြို့က ကုမ္ပဏီပိုင်ရှင်တဦးအပါအဝင် လူသုံးဦးကို ဂျပန်ရဲတွေက ဖမ်းဆီးခဲ့ပါတယ်။

# တောင်အာဖရိကနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်အား ဂန္ဒီဆု ချီးမြှင့်

**DVB ၊ ဂျူလိုင် ၂၀ ။** ။ နအဖ စစ်အုပ်စုရဲ့ ထောင်ထဲမှာ အကျဉ်းကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံက မဟတ္တမဂန္ဒီ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆု ချီးမြှင့်လိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေးအတွက် နှစ်ပေါင်း ၂၀ ကြိုးပမ်းခဲ့တဲ့ ဆောင်ရွက်မှုအတွက် အခုလိုချီးမြှင့်တာလို့ ဆုချီးမြှင့်ရေးအဖွဲ့က ပြောကြားပါတယ်။ ဒီလိုဆုချီးမြှင့်ချိန်မှာ နိုဘဲလ်ငြိမ်းချမ်းရေးဆု အပါအဝင် ဆုအများအပြား ချီးမြှင့်ခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကတော့ အင်းစိန်ထောင်မှာ အကျဉ်းကျနေပါတယ်။ နအဖ စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို နှစ်ပေါင်းများစွာ နေအိမ်အကျယ်ချုပ် ချထားခဲ့ပြီး အခု နေအိမ်အကျယ်ချုပ်စည်းကမ်းကို ချိုးဖောက်မှုနဲ့ တရားစွဲပြီး အကျဉ်းချထားတာပါ။ ဂန္ဒီရန်ပုံငွေအဖွဲ့က ဆုချီးမြှင့်ကြောင်း အကြောင်းကြားစာကို တောင်အာဖရိကနိုင်ငံဆိုင်ရာ နအဖသံရုံးကို အရင်လတွေတုန်းကတည်းက ပေးပို့ခဲ့ပေမယ့် အဲဒီစာကို သံရုံးက ပြန်ပို့လိုက်ပါတယ်။

“မယဉ်ကျေးတဲ့ ဒီလိုတုံ့ပြန်ချက် အပြုအမူအတွက် အလွန်စိတ်ပျက်ရပါတယ်” လို့ ဂန္ဒီဆုချီးမြှင့်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားပါတယ်။ ဒီဆုဟာ အိန္ဒိယလွတ်လပ်ရေးခေါင်းဆောင် ငြိမ်းချမ်းရေးဖခင် မဟတ္တမဂန္ဒီကို အမှတ်တရဂုဏ်ပြုထားတာပါ။ ဒီမိုကရေစီရေးအတွက် အကြမ်းမဖက် ငြိမ်းချမ်းတဲ့နည်းနဲ့ နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆောင်ရွက်မှုကိုဂုဏ်ပြုတဲ့အနေနဲ့ ဒီဆုကို ချီးမြှင့်တာပါလို့ မဟတ္တမ ဂန္ဒီရဲ့မြေးဖြစ်သူ အီလာဂန္ဒီက ပြောကြားပါတယ်။

“နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်၊ တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းပါလို့ စစ်အုပ်စုကို တောင်းဆိုပါတယ်” လို့ မစ္စအီလာဂန္ဒီက ပြောကြားသွားတာပါ။ အီလာဂန္ဒီဟာ တောင်အာဖရိကမှာ အသားရောင်ခွဲခြားမှုရှိခဲ့တဲ့ကာလတုန်းက နေအိမ်အကျယ်ချုပ်ကျခံခဲ့ရဖူးပြီး လက်ရှိ အေအန်စီပါတီအမတ်ဖြစ်ပါတယ်။ ဒီလိုဆုချီးမြှင့်ချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကတော့ အကျဉ်းကျနေပြီး မြန်မာ့ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေးဟာ အလှမ်းဝေးနေတုန်းပဲဆိုတဲ့ ဝေဖန်ချက်တွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံလွတ်မြောက်ရေးအဖွဲ့ (တောင်အာဖရိက) ရဲ့ဥက္ကဋ္ဌ ဒေါက်တာသိန်းဝင်းက ပြောပါတယ်။

“တောင်အာဖရိကနိုင်ငံ အသားအရောင်ခွဲခြားမှုတိုက်ပွဲမှာ ပါဝင်ခဲ့တဲ့ လူတွေကိုယ်တိုင်က ကျနော်တို့ရဲ့လွတ်မြောက်ရေးတိုက်ပွဲဟာ ဒီလောက်မြန်မြန် ပြီးသွားမယ်လို့ မထင်ဘူးလို့ အမြဲပြောတယ်။ တခါတလေ အကြောင်းတိုက်ဆိုင် လာရင် အခုလိုဖြစ်နေတဲ့အချိန်ကနေ သမိုင်းဟာ ထစ်ကနဲ တကွေ့ချိုးသွားတာ ရှိတတ်ပါတယ်။ ဘယ်လောက်ပဲ ကြာသည်ဖြစ်စေ တချိန်မှာတော့ အမှန်တရား ဟာ အောင်မြင်မှာပဲလို့ ကျနော်ယူဆပါတယ်။”

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့ခန်းမမှာ ဒီနေ့ညနေ ချီးမြှင့်မယ့် ဂန္ဒီငြိမ်းချမ်းရေးဆုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းက လက်ခံရယူမှာ ဖြစ်ပါတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်စား၊ လွတ်မြောက်ရေးတိုက်ပွဲဝင် မြန်မာပြည်သူလူထုကိုယ်စား ဆုလက်ခံရယူခွင့်ရလို့လည်း ဂုဏ်ယူဝမ်းမြောက်တယ်လို့ ဒေါက်တာစိန်ဝင်းက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်လည်း မဟတ္တမဂန္ဒီရဲ့လမ်းစဉ်ကို လိုက်ပါတယ်လို့ သူကိုယ်တိုင်လည်း ပြောထားတယ်။ ငြိမ်းချမ်းရေးနဲ့ ရင်ကြားစေ့ရေးကို အမြဲတမ်းခေါ်နေတာပဲ။ တိုက်ပွဲဝင်တဲ့အခါမှာလည်း ဒီလိုအကြမ်းမဖက်ဘဲနဲ့ တိုက်ပွဲဝင်ဖို့ဆုံးဖြတ်ပြီး လုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကျနော်တို့အနေနဲ့ အများကြီး ဂုဏ်ယူပါတယ်။”

# နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနဲ့ အခွန်ဦးစီးဌာန အရေးပေါ်စစ်ဆေး

**NEJ ၊ ဂျူလိုင် ၂၁ ။** ။ ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနှင့် ပြည်တွင်းအခွန်ဦးစီးဌာနရုံးတို့ကို နေပြည်တော်မှအထူးအဖွဲ့ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်နေပြီး ဒု–ရဲအုပ် ၁ ဦးနှင့် ပတ်စ်ပို့ပွဲစား ၂၇ ဦးကို ဖမ်းဆီးစစ်ဆေးနေကြောင်း သိရှိရပါတယ်။

နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ ဒု–ရဲအုပ်တဦးက “ရုံးကလူကြီးတွေ ကျနော်တို့ကိုပြောတာကတော့ နေပြည်တော်က တပ်မတော်အရာရှိတချို့ ထွက်ပြေးတိမ်းရှောင်နေတာရှိတယ်။ တချို့ ရိုးရိုးသာမန်ပတ်စ်ပို့လုပ်ပြီး ရန်ကုန်လေဆိပ်ကနေဘဲ နိုင်ငံခြားထွက်သွားခဲ့တယ်လို့ ဆိုပါတယ်။ ဒီအထဲမှာ ယူကရိန်းက နျူကလီးယားသိပ္ပံပညာလေ့လာခဲ့တဲ့ အရာရှိငယ်တယောက်လည်း ပါသွားတယ်လို့ ပြောတယ်။ အဲဒါကြောင့် အသဲအသန် အခုလို နေပြည်တော်က အထူးအဖွဲ့ဆင်းလာပြီး ဖမ်းဆီးစစ်ဆေးနေတာလို့ သိရတယ်။” လို့ပြောပါတယ်။

နေပြည်တော်ကဆင်းလာတဲ့ စသုံးလုံး၊ စီအိုင်ဒီနဲ့ အခြားအဖွဲ့ဝင်တွေပါတဲ့ အထူးအဖွဲ့ဟာ ပြီးခဲ့တဲ့ဂျူလိုင် ၁၇ ရက်မှ စတင်ကာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှာ မှတ်ပုံတင်အတု၊ သန်းခေါင်စာရင်းအတုနဲ့ ပတ်စ်ပို့စာအုပ်လုပ်တဲ့ကိစ္စတွေကို အဓိကထားစစ်ဆေးပြီး ဒီကိစ္စတွေနဲ့ဆက်စပ်နေတဲ့ ပွဲစားတွေကိုပါ လိုက်လံရှာဖွေ ဖမ်းဆီးစစ်ဆေးနေကြောင်း ပြောပါတယ်။ ပုံစံ ၁၉ ထုတ်ပေးရာမှာ ပြည်တွင်းအခွန်များဦးစီးဌာနရုံးသို့လည်း ယမန်နေ့က အထူးအဖွဲ့ရောက်လာပြီး လူစာရင်းတောင်းကာ တယောက်ချင်း စစ်ဆေးရေးစတင်နေပြီဖြစ်ကြောင်း အခွန်ဆိုပါ ရုံးမှဦးစီးအရာရှိတဦးက အတည်ပြုပြောကြားပါတယ်။

နေပြည်တော်မှ တပ်မတော်အရာထမ်းအချို့ တိမ်းရှောင်ထွက်ပြေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး “ပြီးခဲ့တဲ့ တလလောက်တုန်းက နေပြည်တော်စစ်ရုံးချုပ်က တပ်ကြပ်ကြီးစာရေးအဆင့် စုစုပေါင်း ၁၁ ဦးထွက်ပြေးတိမ်းရှောင်သွားတယ်လို့ သိရတယ်။ တချို့က ခွင့်နဲ့သွားပြီး ပြန်မလာတာရှိသလို တချို့ကတော့ ပျဉ်းမနားဘက်ကို အားလပ်ချိန်ထွက်သွားပြီး ပြန်မလာတော့တာ။ သူတို့ထဲမှာ ရုရှားပြန်တချို့လည်း ပါတယ်လို့ သိရတယ်။” လို့ နေပြည်တော် စစ်ရုံးချုပ်နဲ့နီးစပ်တဲ့ တပ်မတော်အရာရှိဟောင်းတဦးက ခေတ်ပြိုင်ကိုပြောပါတယ်။

ထွက်ပြေးသွားတဲ့ တပ်မတော်အရာထမ်းတွေရဲ့ မိဘ၊ ဆွေမျိုးနေအိမ်တွေကို ဝင်ရောက်စစ်ဆေးတာတွေ လုပ်ခဲ့သော်လည်း ထူးခြားတယ်လို့မကြားသိရကြောင်း၊ ရန်ကုန် ပတ်စ်ပို့ရုံးကို နေပြည်တော်ကအထူးအဖွဲ့ ဝင်ရောက်ဖမ်းဆီးစစ်ဆေးနေတာဟာ အဲဒီထွက်ပြေးသူတွေနဲ့ ဆက်စပ်နိုင်ကြောင်း ပြောပါတယ်။

“အခုလို ထွက်ပြေးသွားတဲ့ တပ်ကြပ်ကြီးစာရေးအဆင့် တပ်မတော်သားတွေထဲမှာ တပ်မတော်မှတ်တမ်းရုံးကလည်း ပါတာကြောင့် လောလောဆယ် အင်တာနက်နဲ့နိုင်ငံခြားသတင်းဌာနတွေမှာ ပျံ့နှံ့နေတဲ့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းရဲ့ မြောက်ကိုရီးယား လျှို့ဝှက်ခရီးစဉ်မှတ်တမ်း၊ ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့ ရုရှားခရီးစဉ်မှတ်တမ်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အိန္ဒိယခရီးစဉ်မှတ်တမ်း၊ ဗိုလ်ချုပ်ဌေးဦးရဲ့ အစည်းအဝေးမှတ်တမ်း စတာတွေဟာ သူတို့ဖြန့်ဖြူးတာဖြစ်နိုင်တယ်။” လို့ အဆိုပါ တပ်မတော်အရာရှိဟောင်းတဦးက သုံးသပ်ပါတယ်။

ရန်ကုန်၊ ပန်းဆိုးတန်း နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးသည် တနိုင်ငံလုံးမှပြည်သူများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ သံတမန်များအား ပတ်စ်ပို့ထုတ်ပေးသည့် လာဒ်ပေးလာဒ်ယူအများဆုံး ရုံးတရုံးဖြစ်ပြီး တာဝန်ကျရဲနှင့် လဝက ဝန်ထမ်းများ ဝင်ငွေအဖြောင့်ဆုံးရုံးလည်းဖြစ်ပါတယ်။ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးနှင့်ပတ်သက်၍ နအဖ စစ်အစိုးရက အခက်အခဲပေါင်းစုံ ဖန်တီးထားတဲ့အတွက် လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်နေခြင်းဖြစ်ပြီး ငွေတတ်နိုင်သူမည်သူမဆို မှတ်ပုံတင်အတု၊ သန်းခေါင်စာရင်းအတု စတာတွေပြုလုပ်နိုင်ကာ တရားဝင်နိုင်ငံကူးလက်မှတ်တခုအထိ ပြုလုပ်နိုင်တယ်လို့ မြို့ခံတွေကပြောပါတယ်။

အခုလို နေပြည်တော်အထူးအဖွဲ့ရဲ့ စစ်ဆေးဖမ်းဆီးမှုတွေဟာ မကြာခင် မြို့နယ်အဆင့် လဝက ရုံးများနဲ့ပြည်တွင်းအခွန်ဦးစီးဌာနရုံးများအထိ ပျံ့နှံ့သွားနိုင်တယ်လို့ ဝန်ထမ်းတွေက ပြောဆိုနေကြပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အား သူရဲ့ ရှေ့နေများနဲ့တွေ့ရန်ခွင့်ပြုလိုက်ဟုဆို

**Irrawaddy၊ ဂျူလိုင် ၂၃။** ။ ဒေါ်အောင်ဆန်းစုကြည်အား ၎င်း၏အမှုနှင့်ပတ်သက်ပြီး နောက်ဆုံးအတည်ပြုထားသော လျှောက်လဲချက်ကိုတင်ပြရန်အတွက် ရှေ့နေများက တွေ့ခွင့်တောင်းသည်ကို နအဖ စစ်အစိုးရအာဏာပိုင်များက ယနေ့ခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ အတည်ပြုထားသော လျှောက်လဲချက်အား ဒေါ်အောင်ဆန်းစုကြည်ကိုတင်ပြရန်အတွက် အရေးကြီးသောကြောင့် ရှေ့နေများက ယမန်နေ့တွင် ထပ်မံ၍တွေ့ခွင့်တောင်းရာ ခွင့်ပြုလိုက်တယ်လို့ ရှေ့နေကြီးဦးကြည်ဝင်းကပြောပါတယ်။ “စာတင်ပြီးတော့ ကျနော်တို့တော်တော်အရေးကြီးပါတယ်၊ အဲဒါခွင့်ပြုမှဖြစ်မယ်၊ အဲဒါကြောင့် ဒီနေ့ခွင့်ပြုလိုက်တာ။” လို့ ရှေ့နေကြီးဦးကြည်ဝင်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်တောင်းထားသော်လည်း ထောင်အာဏာပိုင်တွေက ယမန်နေ့ကတွေ့ခွင့်မပြုခဲ့ပေ၊ သို့သော် ယနေ့တွေ့ခွင့်ပေးသောကြောင့် မွန်းလွဲပိုင်းတွင် ချက်ချင်းသွားရောက်တွေ့ဆုံခဲ့ရကြောင်း ရှေ့နေကြီးဦးကြည်ဝင်းကဆိုပါတယ်။ အတည်ပြုထားသော လျှောက်လဲချက်တွင် မည်သည့်အကြောင်းအရာများ ရေးသားထားသည်ကိုမူ မသိရှိရပေ။ ဒေါ်အောင်ဆန်းစုကြည်၏အမှုနဲ့ပတ်သက်ပြီး နောက်ဆုံးအကြိမ် နှစ်ဘက်လျှောက်လဲကြားနာရန်အတွက် တရားရုံးက လာမယ့် ဂျူလိုင်လ ၂၄ ရက်တွင် ချိန်းဆိုထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်အကျဉ်းဦးစီးဌာနရဲ့ရုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း၊ ရှေ့နေ ဒေါ်ခင်ဌေးကြွယ်နှင့် ဦးကြည်ဝင်းတို့က ယနေ့သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတောင်းဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် ဟူသောအချက်မှာ ဖြစ်နိုင်ဖွယ်မရှိကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းက ထိုင်းနိုင်ငံတွင် ကျင်းသော အာဆီယံအစည်းအဝေး ညစာစားပွဲတွင် ပြောကြားထားပါတယ်။

ထို့အပြင် ယနေ့ထုတ် စစ်အစိုးရမြန်မာ့အလင်းသတင်းစာတွင် “သူရင်ဆိုင်နေရသည့်အမှု ပြီးဆုံးချိန်တွင် ဒေါ်အောင်ဆန်းစုကြည်၌ အပြစ်မရှိကြောင်း တရားရုံးကဆုံးဖြတ်လိမ့်မည်ဟု မျှော်လင့်ထားသူဦးရေမှာ နည်းလှသည်။ မည်သို့ပင်ဖြစ်စေ ၄၈ သန်းသော မြန်မာပြည်သူတို့၏ အကျိုးစီးပွားအတွက် စတင်ဆောင်ရွက်သင့်ပြီ ဖြစ်ပါသည်။” လို့ ဖော်ပြထားပါတယ်။

အဆိုပါ ဖော်ပြချက်များသည် အမေရိကန်ပြည်ထောင်စုအခြေစိုက် The Huffington Post သတင်းစာမှာ ရေးသားဖော်ပြထားသော The Futurs of Burma Cannot Be Tied to Aung San Suu Kyi အမည်ရှိ ဆောင်းပါးမှ ထုတ်နုတ်ထားတာဖြစ်ပါတယ်။ သို့သော် ယနေ့ပြီးဆုံးသွားတဲ့ ထိုင်းနိုင်ငံ၊ ဖူးခက်ကျွန်းတနေရာတွင် ကျင်းပသော အာဆီယံအစည်းအဝေးကာလအတွင်း၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီ ကလင်တန် အပါအဝင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာအစိုးရကို ပြစ်တင်ဝေဖန်၍ ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် ပြောဆိုခဲ့ကြပါတယ်။

အာဆီယံအတွင်းရေးမှူးချုပ် Surin Pitsuwan ကလည်း မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုကိစ္စနှင့်ပတ်သက်၍ ဒေသအဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ကျဆင်းစေကြောင်း တနင်္လာနေ့က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ၎င်း၏အိမ်သို့ တိတ်တဆိတ်ဝင်ရောက်ခဲ့သော ဂျွန်ဝီလီယံယက်ထော အမှုနှင့်ပတ်သက်ပြီး အာဏာပိုင်များက မေလ ၁၄ ရက်နေ့နံနက်ပိုင်းတွင် အကျယ်ချုပ်ထားရာနေအိမ်မှ အင်းစိန်အကျဉ်းထောင်သို့ ခေါ်ဆောင်၍ တားဆီးမိန့်ချိုးဖောက်မှုပုဒ်မ ၂၂ ဖြင့် တရားစွဲဆိုလိုက်ကာ မေလ ၁၈ ရက်နေ့မှစတင်ကာ အစိုးရတရားလိုပြသက်သေများကို ဆက်တိုက်စစ်ဆေးခဲ့ပြီး မေလ ၂၆ နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဆေးခြင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်သည် ပုဒ်မ ၂၂ အရ ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်အထိ ကျခံရနိုင်ကြောင်းသိရှိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ်၊ မေလ တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီးမှစတင်၍ နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်းခံနေရသည့် ၆ နှစ်ပြည့်ကာနီးအချိန်တွင် အခုလိုတရားစွဲဆိုခံရခြင်းဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှစ၍ နေအိမ်အကျယ်ချုပ်ဘဝဖြင့် နေရချိန် စုစုပေါင်း ၁၃ နှစ်ကျော်ပြီဖြစ်ပါတယ်။

---

**မျက်နှာဖုံးမှ**

တနိုင်ငံထဲရဲ့ဆန္ဒမဟုတ်ဘဲ ဒေသတွင်းနိုင်ငံတွေအားလုံးရဲ့ ဆန္ဒဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

မစ္စစ်ကလင်တန်က ဒေါ်အောင်ဆန်းကြည်ကို မြန်မာအစိုးရကလွှတ်ပေးရင် အမေရိကန်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအပါအဝင် နှစ်နိုင်ငံကြား ဆက်ဆံရေးတွေကို ပြန်လည်အားကောင်းအောင် လုပ်သွားမယ်လို့လည်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့ပါတယ်။ ဒေသတွင်းလုံခြုံရေးနဲ့ပတ်သက်ပြီး မြောက်ကိုရီးယားနဲ့မြန်မာအစိုးရတို့ စစ်ရေးဆိုင်ရာကိစ္စတွေ ပိုမိုနီးကပ်စွာ ဆက်ဆံဆောင်ရွက်နေတဲ့အပေါ် ဒေသတွင်းနိုင်ငံတွေက စိုးရိမ်မကင်းဖြစ်ရကြောင်း အစည်းအဝေးတွင်းမှာ ဆွေးနွေးခဲ့ကြသလို မြန်မာအစိုးရဘက်ကတော့ သူတို့အနေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားလက်နက်တင်ပို့မှုနဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့ ကန့်သတ်ချက်တွေကို လက်ခံသဘောတူထားတဲ့အကြောင်း ပြန်လည်ဆွေးနွေးသွားပါတယ်။

---

# ဥပဒေသက်တမ်းတိုးရန် အဆိုတင်သွင်း

**RFA၊ ဂျူလိုင် ၂၃။** ။ ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးနဲ့ ဒီမိုကရေစီအက်ဥပဒေကို နောက်ထပ် ၃ နှစ် သက်တမ်းတိုးမြှင့်ဘို့အတွက် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်မှာ ဂျူလိုင် ၂၂ ရက် မနေ့က တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီ ဥပဒေကို ကွယ်လွန်သူ အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌဟောင်း Tom Lantos က ဦးဆောင်တင်သွင်းခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အခုတခါ ဒီဥပဒေသက်တမ်းတိုးဘို့အတွက် အောက်လွှတ်တော် ဒီမိုကရက်အမတ် Joseph Crowley ဦးဆောင်ပြီး တင်သွင်းခဲ့တာဖြစ်ပါတယ်။

ဒီလိုတင်သွင်းခဲ့တာနဲ့ပတ်သက်ပြီး လွှတ်တော်အမတ် Mr.Crowley က သတင်းထုတ်ပြန်ရာမှာ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်တွေအတွက် တန်ပြန်အကျိုးဆက်တွေရှိတယ်ဆိုတာ ပြသဘို့ အခုလိုတင်သွင်းခဲ့တာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ မြန်မာစစ်အစိုးရဟာ မြန်မာပြည်သူတွေကို ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ်နေရာမှာ ကျေးရွာပေါင်းသုံးထောင်ကျော်ကို ဖျက်ဆီးခဲ့ပြီး လူပေါင်း ၁ သန်းကျော် ဒုက္ခသည်အဖြစ် နိုင်ငံကထွက်ပြေးခဲ့ရကြောင်း၊ သန်းနဲ့ချီတဲ့ပြည်သူတွေကို ခေတ်သစ်ကျွန်စနစ်တခုလို အဓမ္မလုပ်အားပေး ခိုင်းစေနေကြောင်းလည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒီဥပဒေကို ဘာကြောင့် သက်တမ်းတိုးဘို့လိုအပ်တယ်လို့ ထင်ပါသလဲလို့ မေးကြည့်တဲ့အခါမှာ Mr.Crowley ရဲ့ ပြောခွင့်ရအမျိုးသမီးက မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီရေးနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လတ်တလောအခြေအနေအပေါ် အမေရိကန်လွှတ်တော်အပါအဝင် အမေရိကန်ပြည်ထောင်စုက အထူးအာရုံစိုက်နေတယ်ဆိုတာကို ပြသဘို့သာမက မြန်မာနိုင်ငံတွင်းအခြေအနေတွေ ပိုမိုဆိုးဝါးမလာအောင် နိုင်ငံတကာအဝန်းအဝိုင်းအနေနဲ့ ဆောင်ရွက်ဘို့ အရေးတကြီးလိုအပ်နေတာကို မီးမောင်းထိုးပြဘို့အတွက် အခုလို သက်တမ်းတိုးဘို့ တင်သွင်းခဲ့တာဖြစ်ပါတယ်လို့ ပြောသွားပါတယ်။

ဒီဥပဒေမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူရေး၊ မြန်မာ့ဒီမိုကရေစီ အင်အားစုတွေကို ထောက်ခံကူညီရေးနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တရားဝင် ပြည်သူ့ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုဘို့ အပါအဝင်တခြားလုပ်ပိုင်ခွင့်တွေ ပြဌာန်းထားတယ်လို့သိရပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ရုံးချိန်းနေ့မှာ တနိုင်ငံလုံး ဆုတောင်းကြ

**DVB | ဂျူလိုင် ၂၄ ။** ။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ရုံးချိန်းနေ့မှာ ဝတ်ပြုဆုတောင်းသူတွေထဲက မန္တလေးအဖွဲ့ချုပ်ဝင်တဦး အထိုးခံခဲ့ရသလို၊ အနှောင့်ယှက်တားဆီးမှုတွေ ရှိခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းမှုကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနဲ့ ရန်ကုန်တိုင်းတို့က မြို့နယ် ၃၀ ကျော်လောက် ပြုလုပ်ခဲ့ကြပါတယ်။ မနက် ၈ နာရီခန့်က မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးကို သွားပြီး ဝတ်ပြုဆုတောင်းတဲ့ အဖွဲ့ချုပ်ဝင် ၁၀ ဦးထဲက တဦးကို အမည်မသိ လူတချို့က ဝိုင်းထိုးခဲ့ကြတယ်လို့ အထိုးခံခဲ့ရတဲ့ မန္တလေး အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်ဝင် ကိုတိုးကြီးက ပြောပါတယ်။

"ဘုရားကြီးကို မနက် ၈ နာရီမှာ သွားတယ်။ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုတောင်းမေတ္တာပို့ပြီး အပြန်မှာ ကျနော့်ကို လက်သီးနဲ့ဝိုင်းထိုးခံရတာပါ။ ဘုရားကြီးမှာ အာဏာပိုင်တွေ အယောက် ၅၀ ကျော်ရှိတယ်။ ကျနော့်နဖူးနည်းနည်းကွဲသွားတယ်၊ ရင်ဘတ် နာသွားတယ်။ ၃ ယောက်လောက်က ရံပြီး ၂ ယောက်က ဝိုင်းထိုးတယ်။ မင်းမဲ့စရိုက် အနေအထားနဲ့ ဥပဒေစိုးမိုးရေးဆိုတာ ဘာကို စိုးမိုးတာလဲလို့ မေးရမှာပဲ။ အာဏာပိုင်တွေ ရှိနေလျက်နဲ့ ဖြစ်တာဆိုတော့ ပြောစရာ ဖြစ်တာပေါ့ဗျာ။ ရင်ထဲမှာတော့ စိတ်မချမ်းသာဘူးပေါ့။"

အာဏာပိုင်တွေ ရှိနေလျက်ကြားက အထိုးခံရမှုကို သက်ဆိုင်ရာကို မတိုင်ဘူးလား မေးကြည့်တော့...

"မတိုင်ပါဘူးဗျာ။ တိုင်လည်း ဘာမှထူးမှာ မဟုတ်တဲ့အပြင် ထုံးစံအတိုင်း အမှုတွေက ရှုတ်ပြီး ကျနော်တို့ကို ပြန်ပြီး ပတ်နေမှာစိုးလို့ပါ။ ဝတ်တရားနှောင့်ယှက်မှုတွေလာအုံးမှာလေ။ အဲ့ဒါကြောင့် မလုပ်တော့ပါဘူး။ ကျနော်တို့ ခေါင်းဆောင်က ပြောထားတာရှိတယ် မေတ္တာနဲ့သာ ဖြေလိုက်ပါလို့ပြောတဲ့အတိုင်းပဲ ဆုတောင်းပြီး ပြန်လာတာပါပဲ။"

မိုးကုတ်မှာလည်း သံဃာတော်တွေနဲ့ အဖွဲ့ချုပ်ဝင်မဟုတ်တဲ့ လူငယ်တွေက ဝတ်ပြုဆုတောင်းမှု ပြုလုပ်ခဲ့ကြပါတယ်။ မိုးကုတ်မြို့မှာ အထင်ကရ ဘုရားနှစ်ဆူရှိပေမယ့် ဘုရားတွေနဲ့လမ်းတွေတိုင်းမှာ လုံခြုံရေးအပြည့်ချထားတဲ့အတွက် ဘုန်းကြီးကျောင်းတကျောင်းမှာပဲ ဝတ်ပြုဆုတောင်းခဲ့ရတယ်လို့ လူငယ်တဦးက ပြောပြပါတယ်။

"၂၄ရက်နေ့ကို ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှုအတွက် လူငယ်တွေနဲ့ ဘုန်းကြီး ၃ ပါး ပေါင်းပြီး ဆုတောင်းပွဲလုပ်ဖြစ်တယ်။ ပထမတော့ ဘုရားပေါ်တက်ပြီးလုပ်မလို့ပါ။ ချမ်းသာကြီးဘုရားနဲ့ ဖောင်တော်ဦးဘုရားဆိုပြီး အထင်ကရ ဘုရားနှစ်ဆူရှိတယ်။ မိုးကုတ်မြို့ကို လူကြီး ခရီးစဉ်လာတယ်ဆိုပြီး လမ်းတိုင်း၊ ဘုရားတိုင်းမှာ လုံခြုံရေး ရဲဘော်တွေ ချထားတဲ့အတွက် ဘုရားပေါ်မတက်ဖြစ်တော့ဘဲ၊ ဘုန်ကြီးကျောင်းမှာပဲ လူငယ်လေးတွေနဲ့ဘုန်ကြီးတွေ ပေါင်းပြီး ဆုတောင်းပွဲ လုပ်လိုက်တာပါ။"

မြင်းခြံမြို့မှာလည်း ကြံ့ခိုင်ရေးနဲ့ စွမ်းအားရှင်တွေရဲ့ နှောင့်ယှက်မှုတွေရှိတာကြောင့် နှစ်နေရာခွဲပြီး ဝတ်ပြုဆုတောင်းခဲ့တယ်လို့ အဖွဲ့ချုပ်ဝင်တဦးက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲဆိုပြီး ဖနာရီခွဲမှာ ရှင်မင်းနှစ်ဆူဘုရားမှာ လူ ၁၀ ယောက်လောက်နဲ့တကြိမ်လုပ်တယ်။ ဆန္ဒတော်ပြည့်ဘုရားမှာ အယောက် ၂၀ လောက် တကြိမ်လုပ်တယ်။ ကြံ့ခိုင်ရေးတို့က ဆုတောင်းပွဲကို နှောင့်ယှက်ဖို့ပြင်နေလို့ ၂ ကြိမ်ခွဲလုပ်ရတာပါ။"

မကွေးတိုင်း ရေနံချောင်းမြို့မှာ အာဏာပိုင်တွေက ဝတ်ပြုဆုတောင်းမှုတွေမပြုလုပ်နိုင်အောင် ဘုရားတွေကို သော့ခတ်ထားကြတယ်လို့ အဖွဲ့ချုပ်ဝင်တွေကပြောပါတယ်။ ဒါပေမယ့် ဆုတောင်းပွဲလုပ်ဖြစ်ခဲ့တယ်လို့ ရေနံချောင်း အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ကိုတင့်လွင်က ပြောပြပါတယ်။

"မနက် ၈ နာရီ ၁၅ မိနစ်မှာ လာဘမုနိ မြတ်စွာဘုရားမှာ ဝတ်ပြုဆုတောင်းပွဲလုပ်ဖြစ်တယ်။ သပြေပန်းက ဖ၅ ခက်၊ ဖယောင်းတိုင် ဖ၅ တိုင်၊ နံ့သာတိုင်က ဖ၅ တိုင် လှူတန်းပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကို ဆုတောင်းခဲ့ကြတယ်။ မေတ္တာသုတ်၊ မောရသုတ်၊ ပဋ္ဌာန်း ၂၄ ပစ္စည်းကို သုံးခေါက်ရွတ်ဖတ်တယ်။ ဗုဒ္ဓဟူးညတိုင်း ဘုရားတွေ တံခါးတွေ သော့ခတ်ထားတယ်။ တန်ခိုးကြီးဘုရားတွေကို သော့ခတ်လို့ ရသမျှအကုန်ခတ်တယ်။ မနက်က ရဲစခန်းမှူးကအစ ရဲဝတ်စုံပြည့် ညကတည်းက အစောင့်ချထားတယ်။ မနက်မှာ ကြံ့ခိုင်ရေးနဲ့ရယကတွေကို တာဝန်ပေးထားတယ်။ သူတို့က ဝတ်ပြုဆုတောင်းပွဲကို အနှောင့်အယှက်ပေးချင်တဲ့ အပြင် ပြည်သူလူထုပူးပေါင်းပါဝင်လာမှာကို ဟန့်တားခြိမ်းခြောက်တဲ့ သဘောပေါ့။"

သာစည်မြို့က ဆုတောင်းပွဲအခြေနေကို သာစည်အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးသန်းဆောင်က ပြောပြပါတယ်။

"ဖယောင်းတိုင် ၂၄ တိုင်ထွန်းတယ်၊ အမွှေးတိုင် ၂၄ တိုင်၊ သပြေပန်း ၂၄ စည်းနဲ့ သတ္တဌာနဘုရားမှာ ၂၄ ပစ္စည်းကို ကျနော်တို့အဖွဲ့ထဲက ၁၂ ယောက်လောက်ရွတ်တယ်။ ဆရာတော်ကြီးကို ဝတ္ထုငွေ အပါအဝင် ဖ၄၀၀ ဖိုးလောက် ကုသိုလ်ဒါနပြုခဲ့တယ်။"

ရန်ကုန် ရွှေတိဂုံဘုရားမှာတော့ နော်အုန်းလှပါဝင်တဲ့ အဖွဲ့ချုပ်ဝင် ၁၀ ဦးလောက်ဟာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းခဲ့ကြပါတယ်။ အလားတူ တွံတေးမြို့ သုံးခွမြို့ မိတ္ထီလာ၊ ညောင်ဦး၊ ရမည်းသင်း၊ ချောက်၊ မင်းဘူး၊ မကွေး၊ ပွင့်ဖြူ၊ ပဲခူး၊ တောင်ငူ၊ ဇီးကုန်း စတဲ့မြို့နယ်ပေါင်း ၃၀ ကျော်မှာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးဝတ်ပြုဆုတောင်းပွဲတွေ ပြုလုပ်ခဲ့ကြကြောင်း သိရပါတယ်။

---

# လက်နက်ချသူဟာ ကေအန်ယူမဟုတ်

**DVB | ဂျူလိုင် ၂၄ ။** ။ ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စစ်အုပ်စုထံ လက်နက်ချသူတွေဟာ KNLA တပ်ဖွဲ့ဝင်တွေမဟုတ်ဘူးလို့ KNU အဖွဲ့ ကငြင်းဆိုလိုက်ပါတယ်။

KNLA တပ်မဟာ ဖ၊ တပ်ရင်း ၁၈ က တပ်ခွဲမှူးတဦး အပါအဝင်စုစုပေါင်း ၂၂ ဦးက လက်နက်ငယ် ၈ လက်၊ ခဲယမ်းတွေနဲ့အတူ ဒီလ ၂၂ ရက် နေ့က နအဖထံလက်နက်ချခဲ့တယ်လို့ ဒီနေ့သတင်းစာမှာ ဖော်ပြထားတာပါ။ အဲဒီသတင်းစာဖော်ပြချက်နဲ့ပတ်သက်ပြီး လက်နက်ချသူတွေဟာ KNLA တပ်ဖွဲ့ဝင်တွေ မဟုတ်ဖူးလို့ KNU တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူး စောလှငွေကပြောပါတယ်။

"သတင်းထွက်လာကတည်းက သက်ဆိုင်ရာ တပ်မဟာ ဖ၊ တပ်ရင်း ၁၈ က တပ်ရင်းမှူးကို ဆက်သွယ်တယ်။ အဲ့ဒီတပ်ရင်းနဲ့ အနီးဆုံးမှာကပ်နေတဲ့ တပ်မဟာဌာနချုပ်စစ်ကြောင်းမှူး ဗိုလ်မှူးလှမင်းတို့ကို မေးမြန်းစုံစမ်းတော့ အဲ့ဒီအမည်နဲ့တူတဲ့ တပ်သားတယောက်မှ မရှိဘူး၊ တပ်မှာလည်း လက်နက်ချတာတို့ ထွက်ပြေးတာတို့ လောလောဆယ်တယောက်မှမရှိဘူးလို့ အကြောင်းပြန်လာတယ်။ ဒါဟာ လုပ်ကြံဖန်တီးချက်တခုပါပဲ။"

မကြာသေးခင်က နအဖနဲ့အပစ်ရပ် ကရင်အဖွဲ့တွေဖြစ်တဲ့ သခေါင်းသယောအဖွဲ့က အင်အား ၄၅ ယောက်၊ DKBA အဖွဲ့က တပ်သား ၁၇ ယောက်၊ တော KNLA တပ်မဟာ ဖ ကို လာရောက်ပူးပေါင်းခဲ့ပြီး အဲဒီဒေသကို နအဖတပ်တွေက ပိတ်ဆို့ဖို့ကြိုးစားနေပါတယ်။ အဲဒီပူးပေါင်းမှုကို တုံ့ပြန်တဲ့အနေနဲ့ စိတ်ဓာတ်ရေးရာ ထိုးစစ်ဆင်တာလို့ ဗိုလ်မှူးစောလှငွေက ပြောပါတယ်။

"နအဖကနေ နိုင်ငံရေးအရပဲ ဖြစ်ဖြစ်၊ စစ်ရေးအရပဲ ဖြစ်ဖြစ်၊ ဒီမိုကရေစီပုဂ္ဂိုလ်တွေရဲ့ အမှုခင်းရေးရာပဲဖြစ်ဖြစ် အမြဲတမ်း လုပ်ကြံဖန်တီးပြီး ဝါဒဖြန့်ချီ ရေးသားနေတာကို ပြည်သူအားလုံးက သိထားပြီးသား ဖြစ်ပါတယ်။ ကမ္ဘာကလည်း သိ ထား ပြီးသားပါ။ ဒါက သူတို့ အဓိကထား အသက်မွေးဝမ်းကြောင်း နေတဲ့ ကိစ္စဖြစ်နေတဲ့အတွက် ပြည်သူလူထုက သိပ်အံ့သြမှာမဟုတ်ဘူး။ ဒီကိစ္စတွေကို ရှင်းလင်း လိုက်တဲ့အခါမှာ ထင်ယောင်ထင်မှားဖြစ်စရာ အကြောင်းမရှိပါဘူး။"

# ငြိမ်းချမ်းရေး တိုးတက်မှုနှင့် လူ့အခွင့်အရေး

အဲန်ဒရေဆာခါရော့ဗ်
Andrei Sakharov (1921-1989 )
ကျော်ကျော်စိုး ဘာသာပြန်သည်

**ယခင်အပတ်မှအဆက်**

အောက်ဖော်ပြပါ မိန့်ခွန်းသည် ၁၉၇၅ ခုနှစ်တွင် နိုဘဲလ်ငြိမ်းချမ်းရေးဆုလက်ခံယူသည့်အခမ်းအနားတွင် သူရေးသားခဲ့သည့်မိန့်ခွန်းအား ဇနီးဖြစ်သူ အဲလီနာက ဖတ်ကြားခဲ့ခြင်းဖြစ်သည်။ ဆာခါရော့ဗ်သည် နိုင်ငံ၏စစ်ရေးလျှို့ဝှက်ချက်နှင့် အခြားကိစ္စများကို သိရှိသူဖြစ်သည့်အတွက် နိုင်ငံမှထွက်ခွာခွင့် ပိတ်ပင်ခံထားရသောကြောင့် ဇနီးဖြစ်သူက သူ၏ကိုယ်စား နော်ဝေးသို့ သွားရောက်ကာ ဆုလက်ခံယူခဲ့သည်။ ဤမိန့်ခွန်းကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ငြိမ်းချမ်းရေး တိုးတက်မှုနဲ့ လူ့အခွင့်အရေးဆိုတာက တခုနဲ့တခု ဘယ်လိုမှခွဲလို့မရတဲ့ဆက်နွယ်မှုဖြစ်တာမို့လို့ အဲဒီအထဲက တခုခုကို ပစ်ပယ်ထားမယ်ဆိုလို့ရှိရင် ကျန်တဲ့အရာတွေဟာ ဘယ်လိုမှ အောင်မြင်ဖြစ်ထွန်းမှာ မဟုတ်ပါဘူး၊ ဒီအယူအဆက ဒီကနေ့ ကျနော်ပြောချင်တဲ့ အဓိကအကြောင်းအရာဖြစ်ပါတယ်။

ထူးခြားကြီးကျယ်လှတဲ့နိုဘဲလ်ငြိမ်းချမ်းရေးဆုကို ကျနော့်ကိုချီးမြှင့်တဲ့အတွက် အသဲလိုက်အူလိုက် ကျေးဇူးတင်လှပါတယ်၊ ဒါကြောင့်လည်း ဒီကနေ့ ဒီနေရာမှာ အခုလိုစကားပြောခွင့်ရတာပါ၊ နိုဘဲလ်ကော်မတီက ဒီဆုအတွက်ထုတ်ပြန်ခဲ့တဲ့ “လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သလို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်းဖြစ်ပါတယ်” ဆိုတဲ့ အယူအဆဟာ ကျနော့်အတွက် သိပ်ကို အရေးကြီးလှပါတယ်။

နိုင်ငံတကာယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ လက်နက်ဖျက်သိမ်းရေး၊ နိုင်ငံတကာလုံခြုံရေးဆိုတာဟာ သတင်းအချက်ဆိုင်ရာလွတ်လပ် မှု၊ အသိပညာရပ်ဆိုင်ရာလွတ်လပ်မှု၊ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်၊ ခရီးသွားလာပိုင်ခွင့်၊ ကိုယ်နေချင်တဲ့တိုင်းပြည်မှာ ရွေးချယ်နေထိုင်ပိုင်ခွင့်စတဲ့ လွတ်လပ်တဲ့လူ့အဖွဲ့အစည်းမရှိပဲနဲ့ မဖြစ်နိုင်ဘူးဆိုတာကို ကျနော်ယုံကြည်လက်ခံပါတယ်။ အသိပညာရပ်ဆိုင်ရာလွတ်လပ်မှု၊ သူနဲ့အတူ တခြားပြည်သူ့ရေးရာလွတ်လပ်မှုတွေဟာ သိပ္ပံပညာတိုးတက်မှုရဲ့အခြေခံဖြစ်သလို၊ အဲဒီတိုးတက်မှုတွေကို လူသားတွေဒုက္ခတွေ့အောင် တလွဲအသုံးမချဖို့ အာမခံချက်ပေးနိုင်တယ်ဆိုတာကို လည်း ကျနော်ယုံကြည်လက်ခံပါတယ်။ အဲဒီလိုပဲ စီးပွားရေးနဲ့ လူမှုရေး တိုးတက်ရေးအတွက်လည်း အာမခံချက်ပေးနိုင်တယ်လို့လည်း ယုံကြည်ပါ တယ်။

တဆက်တည်းမှာပဲ ပြည်သူ့အခွင့်အရေးနဲ့ နိုင်ငံရေးဆိုင်ရာအခွင့်အရေးတွေတိုးတက်ကောင်းမွန်ရေးဟာ လူသားတွေရဲ့ အဓိပ္ပါယ်ရှိမှုကို ဖန်တီးရေးအတွက် အခြေခံကျတယ်ဆိုတာကို ကျနော့်အနေနဲ့ကာကွယ်ရမှာပဲဖြစ်ပါတယ်။ ဒီသဘောအမြင်ဟာ မာ့ခ်စ်ဝါဒီတိုင်းပြည်တည်ဆောက်ရေးသမားတွေရဲ့အမြင်နဲ့ ခြားနားမှာဖြစ်ပါတယ်၊ သူတို့တတွေက ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနဲ့ လူမှုရေးဆိုင်ရာအခြေအနေတွေက အရေးပါတဲ့အဆုံးအဖြတ်ကို ပေးတယ်လို့ ရှုမြင်လို့ပဲဖြစ်ပါတယ်။

နည်းပညာရပ်ဆိုင်ရာတိုးတက်မှုတွေနဲ့ စက်မှုတိုးတက်မှုတွေဟာ ဆင်းရဲမွဲတေမှု၊ ငတ်ပြတ်မှု၊ ရောဂါဖြစ်ပွားမှုတွေကို ကျော်လွှားသွားနိုင်ဖို့ အရေးကြီးတဲ့အကြောင်းအချက်ဖြစ်တယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး။ ဒါပေမဲ့လည်း ဒီတိုးတက်မှုတွေက တပြိုင်နက်တည်းဆိုသလိုပဲ သဘာဝအရင်းအမြစ်တွေဆုံးရှုံးတယ်ဆိုတဲ့ ပတ်ဝန်းကျင်အပြောင်းအလဲတွေကိုလည်း ဖြစ်စေပါတယ်၊ ဒါကြောင့် လူသားတွေဟာ ဂေဟစနစ် ပျက်စီးဆုံးရှုံးမှုဆိုတဲ့ အန္တရာယ်ကို ရင်ဆိုင်နေရပါတယ်။

အစဉ်အဆက်ဖြစ်တည်ခဲ့တဲ့ လူမှုဘဝပုံစံ လျင်မြန်စွာပြောင်းလဲနေတဲ့ရလဒ်အဖြစ် လူဦးရေပေါက်ကွဲမှုကိုဆန်းစစ်တာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာမရှိတာကို သိသိသာသာတွေ့မြင်နိုင်ပါတယ်။ ဒီလိုလူဦးရေတိုးတက်မှုနှုန်းက စီးပွားရေး၊ လူမှုရေးနဲ့ စိတ်ပိုင်းဆိုင်ရာပြဿနာတွေကို ဖြစ်ပွားစေတာမို့ အနာဂတ်မှာဆိုရင် ဘယ်လိုမှရှောင်လွှဲလို့မရတဲ့ ပိုပြီး ဆိုးရွားတဲ့ပြဿနာတွေကို ဖြစ်စေပါလိမ့်မယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် လူတွေဟာ စိုးရိမ်ဖွယ်ကောင်းတဲ့ ပြဿနာတွေကို ရင်ဆိုင်နေရပါတယ်။ မြို့ပြဖွဲ့စည်းတည်ဆောက်မှုတွေကို အလွန်အကျွံလုပ်နေတဲ့ရလဒ်တွေရဲ့ ဖိအားပေးတာတွေကို ခံနေရတာပဲ ဖြစ်ပါတယ်။ လူမှုရေးနဲ့ စိတ်ပိုင်းဆိုင်ရာမတည်ငြိမ်မှုတွေကို ကြုံနေရတာတွေ၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုနောက်ကိုလိုက်နေကြတာတွေ၊ အလိုမကျတဲ့ဘဝအခြေအနေတွေကြောင့် စိတ်ဂယောက်ဂယက်ဖြစ်တာတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့မထိတွေ့ချင်တာ၊ လူတွေနဲ့ မဆက်ဆံချင်တာတွေ၊ မိသားစုတွေ တကွဲတပြားဖြစ်နေတာ၊ မူးယစ်ဆေးပြဿနာ၊ အကြမ်းဖက်ဝါဒ စတဲ့ ဖိအားတွေ ဖြစ်ပါတယ်။

တိုးတက်မှုဆိုတာဖြစ်ထွန်းနိုင်ဖို့ နောက်ပြန်ဆွဲမသွားဖို့ဆိုတာမှာ သူ့ကိုထိန်းကျောင်းနိုင်တဲ့အကြောင်းရင်းတွေရှိမှဖြစ်မှာပါ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ လူသားတွေရဲ့သဘောထားအမြင်တွေ၊ လွတ်လပ်တဲ့လူမှုအသိုင်းအဝိုင်း၊ အသိပညာပိုင်းအရ လွတ်လပ်မှုတွေရှိဖို့လိုအပ်ပါတယ်။

လွတ်လပ်စွာယုံကြည်မှု၊ ကျယ်ပြန့်တဲ့လူထုသဘောထားအမြင် တွေရှိမှု၊ သတင်းလွတ်လပ်ခွင့်နဲ့ သတင်းအချက်အလက်တွေကို ရယူပိုင်ခွင့် စတာတွေဟာ ဆိုရှယ်လစ်နိုင်ငံတွေမှာ ရှားပါးလှတဲ့အခွင့်အလမ်းတွေပါ၊ ဒီအခြေအနေဟာ ဒီလိုနိုင်ငံတွေရဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ အတွေးအခေါ်ပိုင်း ဆိုင်ရာတွေကို လွှမ်းမိုးချယ်လှယ်ထားမှုတွေရဲ့ သွင်ပြင်လက္ခဏာတွေပါ။

ထိရောက်ပြီးအကျိုးရှိတဲ့ပညာရေးစနစ်ဆိုတာနဲ့ ဖန်တီးနိုင် စွမ်းအားကို မျိုးဆက်တခုကနေတခုကို လက်ဆင့်ကမ်းအမွေပေးနိုင်ဖို့ဆိုတာ ဟာ အသိပညာပိုင်းဆိုင်ရာလွတ်လပ်တဲ့အခြေအနေရှိမှသာ ဖြစ်နိုင်မှာပါ။

**ကုလသမဂ္ဂရဲ့လူ့အခွင့်အရေးကြေညာစာတမ်းမှာ လူ့အခွင့် အရေးကို ကာကွယ်စောင့်ရှောက်ပေးရမယ်လို့ကြေညာထားတာဟာ ဒီကိစ္စ နဲ့ပတ်သက်ရင ပြည်တွင်းရေးကိစ္စဖြစ်တယ် ဆိုတဲ့အကြောင်းပြချက်မရှိရဘူး ဆိုတာပဲဖြစ်ပါတယ်။** ဒါကြောင့် ဒီလိုရည်မှန်းချက်မျိုးဆီ ပေါက်မြောက်ဖို့ ဆိုတာဟာ ရေရှည်ခရီးဖြစ်တဲ့အတွက် ဖြတ်လမ်းဆိုတာမရှိပါဘူး။

ကြုံတွေ့နေရတဲ့ပြဿနာတွေအတွက် အဖြေရရှိရေးကို မျက်ခြည်မပြတ်စေပဲ ကျနော်တို့ဟာ မတရားမှုတွေ၊ လူ့အခွင့် အရေးချိုးဖောက်မှုတွေကို ဆန့်ကျင်တိုက်ပွဲဝင်ရမယ်၊ ကျနော်တို့တတွေရဲ့အနာဂတ်ဟာ ဒီအပေါ်မှာ အဓိကတည်မှီနေပါတယ်။

လူ့အခွင့်အရေးကို ကာကွယ်နိုင်ဖို့ကြိုးပမ်းတယ်ဆိုတဲ့နေရာမှာ ပထမဦးဆုံးအနေနဲ့ အစိုးရတွေရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုခံရတဲ့ အပြစ်မဲ့သူတွေကို အကာအကွယ်ပေးရေးပဲဖြစ်တယ်၊ ကျနော်တို့တတွေ ပြုပြင်ပြောင်းလဲရေးလိုအပ်တယ်၊ တော်လှန်ရေးမဟုတ်ပါဘူး၊ ကျနော်တို့တတွေ သဘောထားပြောင်းညွတ်လွယ်ဖို့လိုအပ်တယ်၊ ကျယ်ပြန့်တဲ့အမြင်ရှိရပါမယ်၊ သည်းခံစိတ်ရှည်တဲ့လူ့အဖွဲ့အစည်းရှိရပါမယ်။

ကျနော်တို့တတွေဟာ အပြောနဲ့ပြီးနေလို့မဖြစ်ပါဘူး၊ ပိုပြီးကောင်းမွန်တဲ့ကမ္ဘာကြီးကို ဖန်တီးနိုင်ဖို့၊ ပိုမိုကောင်းမွန်တဲ့လူ့အဖွဲ့အစည်းကို ဖန်တီး နိုင်ဖို့ ပြင်းပြတဲ့ဆန္ဒတွေနဲ့ကြိုးပမ်းရပါမယ်။ ☆☆☆☆☆

# နိုင်ငံခြားရေးဝန်ကြီး ကလင်တန် ဒေါက်တာစင်သီယာမောင်နဲ့တွေ့မည်

**NEJ၊ ဇူလိုင် ၂၁။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီ ကလင်တန်သည် ထိုင်းနိုင်ငံရှိ လူမှုရေးလုပ်ငန်းများဆောင်ရွက်နေတဲ့ အမျိုးသမီးများနဲ့တွေ့ဆုံမည်ဖြစ်ရာ တွေ့ဆုံမည့်သူစာရင်းတွင် မယ်တော်ဆေးခန်း တာဝန်ခံ ဒေါက်တာစင်သီယာမောင်လည်း ပါဝင်ကြောင်းသိရပါတယ်။

ရက်ပိုင်းအတွင်း ထိုင်းနိုင်ငံတွင်ကျင်းပတော့မယ့် အာဆီယံဒေသတွင်း အစည်းအဝေးသို့ တက်ရောက်မယ့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနဲ့ မနက်ဖြန်မှာတွေ့ဆုံဖို့ရှိကြောင်း ဒေါက်တာစင်သီယာမောင်က ပြောပါတယ်။ “မနက်ဖြန်သူနဲ့တွေ့မှာဖြစ်တယ်။ ကျမအနေနဲ့ အဓိက ကတော့ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ပြန်လည်ထွန်းကားရေး၊ မြန်မာပြည် ပြန်လည်ထူထောင်ရေးတွေမှာ နိုင်ငံတကာမိသားစုရဲ့ ကူညီပံ့ပိုးမှုတွေ ပိုပြီးတော့ပေးနိုင်ဘို့ ပြောဆိုသွားမှာဖြစ်တယ်။” လို့ ပြောပါတယ်။

၁၉၈၈ ခုနှစ်တွင် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုများအား အာဏာသိမ်းစစ်အုပ်စုမှ နှိမ်နင်းဖြိုခွဲကာ လိုက်လံဖမ်းဆီးမှုများကြောင့် မြန်မာနိုင်ငံမှ ထိုင်းနယ်စပ်သို့ သောင်းနဲ့ချီ တိမ်းရှောင်လာကြသူတွေထဲမှာ ဒေါက်တာစင်သီယာမောင်လည်း တဦးအပါအဝင်ဖြစ်ပါတယ်။ ထိုနောက် ၁၉၈၉ ခုနှစ်တွင် ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့မှာ တဲငယ်လေးတခုကို ဆေးခန်းသဖွယ်အသုံးပြု၍ ဒေါက်တာစင်သီယာမောင်ဦးစီးကာ ဒေသတွင်းရောက် မြန်မာနိုင်ငံသားများနဲ့ နယ်စပ်ရှိဒုက္ခသယ်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။

ကျန်းမာရေးဝန်ထမ်းများနဲ့ ဆေးဝါးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်မှုမရှိဘဲ ချို့တဲ့စွာ စတင်လှုပ်ရှားခဲ့တဲ့ မယ်တော်ဆေးခန်းမှာ သက်တမ်းအနှစ် ၂၀ ရှိခဲ့ပြီး ယခုအခါ ဆရာဝန် ဆရာမ များ၊ ကျန်းမာရေးလုပ်သားများနဲ့ အတူ နှစ်စဉ်ဝေဒနာရှင်ပေါင်း ၅ သောင်းခန့်အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အခမဲ့လုပ်ဆောင်ပေးလျှက်ရှိပါတယ်။

ဆေးခန်းတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၊ အတွင်းလူနာဌာန၊ ခွတ်ခွဲခန်း၊ သွေးလှူဘဏ်၊ သားဖွားဌာန၊ မျက်စိဌာန၊ သွားကုသရေးဌာန၊ ခြေတုလက်တုဌာန၊ လူမှုဆက်ဆံရေးဌာန၊ လူနာမှတ်ပုံတင်ဌာနနှင့် အိပ်ချ်အိုင်ဗွီ ပညာပေးရေးဌာနများက နေ့စဉ် လူနာပေါင်း ၃၀၀ ခန့်ကို အခမဲ့ ဆေးဝါးကုသပေးလျှက်ရှိပါတယ်။

ထို့အပြင် ဒေသတွင်းရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ သားသမီးများ ပညာရေးအတွက် မယ်တော်ဆေးခန်းအနီးမှာ မိဘမဲ့ကလေးဂေဟာ၊ နေ့ကလေးထိန်းကျောင်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်ကာ ပညာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျှက်ရှိပါတယ်။ ဒေါက်တာစင်သီယာမောင်သည် အာရှနိုဘယ်လ်ဆုလို့ခေါ်တဲ့ ရေမွန်မက်ဆေးဆေးဆု အပါအဝင် နိုင်ငံတကာမှပေးအပ်ထားတဲ့ ဆုပေါင်း ၁၅ ဆုရရှိထားပါတယ်။

# ရန်ကုန် လေဆင်နှာမောင်းတိုက်ခတ်

**DVB၊ ဇူလိုင် ၂၀။** ။ ဒီနေ့နေ့လည်ပိုင်းက ရန်ကုန် သာကေတမြို့နယ်မှာ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လူအသေအပျောက် မရှိဘူးလို့သိရပါတယ်။ ဒီနေ့ နေ့လည် ၁ နာရီ ၄၅ မိနစ်အချိန်လောက်က သာကေတမြို့နယ်မှာ လုံးပတ်ပေ ၁၀၀ ပတ်လည်လောက်ရှိတဲ့ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လူအသေအပျောက်မရှိပေမယ့် ထိခိုက်ဒဏ်ရာရသူ တချို့ရှိတယ်လို့ သာကေတမြို့နယ် အာဏာပိုင်တွေက ပြောပါတယ်။

လေဆင်နှာမောင်းကြောင့် မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ထမ်းအိမ်ယာ၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းအိမ်ယာတွေနဲ့ လူနေအိမ်တချို့ပျက်စီးပြီး အမိုးတွေလန်ကာ ဓာတ်ကြိုးတွေပြတ်ကျပြီး ဓာတ်တိုင်တွေပြိုလဲခဲ့တယ်လို့ သာကေတမြို့နယ် ရဲမြို့နယ်မှူးရုံး တာဝန်ကျဝန်ထမ်းတဦးက ပြောပါတယ်။

“မိုးဖွဲဖွဲလေးပဲ ကျတယ်။ လေပဲ တိုက်သွားတယ်။ အမေရိကန်ရုပ်ရှင်ကားတွေမှာပြတဲ့ လေဆင်နှာမောင်းလိုမျိုးပဲ။ မည်းမည်း အရှည်အတန်းကြီး။ ရှုခင်းသာတိုက်ခန်း အက်ဖ်ဘက်က တိုက်ခန်း ၂ ခန်းလောက်က အမိုးလန်သွားတယ်။ ကြယ်ငါးပွင့်ဆိပ်ကမ်းထဲက ကွန်တိန်နာပုံးတွေ ဆင့်တင်ထားတာပြုတ်ကျကုန်တယ်။ ခရီးသည်နားနေဆောင် အမိုးလန်တယ်၊ ဆီအုန်းက အမိုးတွေပါသွားတယ်။ CNG ဂက်စ်ဆိုင်က အမိုးအသေးလေးတခုပါသွားတယ်၊ MOGE ခန်းမအမိုးတွေပါသွားတယ်။ အကောက်ခွန် လိုင်းခန်း ၃ ခု ပါသွားတယ်။ ပျက်ဆီးဆုံးရှုံးမှုက အခုမှ မယကာဥက္ကဋ္ဌတို့၊ စစ်ဒေသမှူးတို့၊ မြို့နယ်မှူးတို့ သွားပြီးတွက်တုန်းပဲ။”

သာကေတ ၁၂၊ ၁၃ နဲ့ ၁၄ ရပ်ကွက်တွေမှာ တော်တော်လေးပျက်စီးသွားတယ်လို့လည်း ရှုခင်းသာ အိမ်ယာနေထိုင်သူတဦးက ပြောပါတယ်။

“လှမ်းမြင်ရတာ တော်တော်ကြမ်းတယ်၊ လေက မြစ်ဘက်ကစလာတာ။ ကျမတို့ ရှုခင်းသာဘက်တော့မထိဘူး။” သာကေတ ၄၉ ကားဂိတ် အမိုးတွေလည်း လန်သွားသလို သစ်ပင်တွေလဲ အမြစ်က ကျွတ်ထွက်ကုန်တယ်လို့ အဲဒီပတ်ဝန်းကျင်မှာ နေထိုင်သူတွေက ပြောပါတယ်။

# ဆရာဝန်လက်မှတ်များ ထုတ်ပေးမည်

**DVB၊ ဇူလိုင် ၁၈။** ။ ဆေးတက္ကသိုလ်အောင်ပြီး ဆရာဝန်မှတ်ပုံတင်မရသေးသူတွေကို သင်တန်းတက်ခိုင်းပြီး မှတ်ပုံတင်ထုတ်ပေးတော့မယ်လို့သိရပါတယ်။

ဆေးတက္ကသိုလ် ဘွဲ့လက်မှတ်လည်းရထား၊ အလုပ်သင်ဆရာဝန် ၃ နှစ်တာဝန်ထမ်းဆောင်ထားပြီး အစိုးရအလုပ် မလုပ်ခဲ့သူတွေကို မွမ်းမံသင်တန်းတက်ခိုင်းပြီး ဆမလို့ခေါ်တဲ့ ဆေးကုခွင့်လက်မှတ် ထုတ်ပေးတော့မယ်လို့ ဆေးသိပ္ပံဦးစီးဌာနရဲ့ တာဝန်ရှိသူ တယောက်က ပြောပါတယ်။

“ဆေးကျောင်းသားရယ်လို့ မဟုတ်ဘူး၊ အရင်တုန်းက အကြောင်းအမျိုးမျိုးကြောင့် အလုပ်သင်ဆရာဝန်ပြီးတဲ့ နောက်ပိုင်း ဆရာဝန်အဖြစ် အမှုမထမ်းခဲ့တဲ့ သူတွေကို ဆရာဝန်မှတ်ပုံတင် ထုတ်ပေးဖို့ လုပ်ပေးနေတာပါ။ ဝန်ထမ်းမလုပ်ဖြစ်တဲ့ သူတွေကျတော့ ဆမ မရကြဘူးလေ၊ အရင်က ဆမ မရသေးတဲ့ဆရာဝန်တွေကို ဆမပြန်ထုတ်ပေးဖို့ အစီအစဉ်ရှိတာပါ၊ ဆေးကျောင်းအောင်သွားတာ နည်းနည်းကြာသွားပြီဆိုတဲ့အခါ အခု သူတို့ကို refresh ပြန်လုပ်ပေးပြီး၊ လျှောက်ရင် ထပ်ထုတ်ပေးဖို့ရှိတာပါ။”

ဆေးသိပ္ပံဦးစီးဌာနက ဆမထုတ်ပေးရေး မွမ်းမံသင်တန်း တက်ရောက်ခွင့်လျှောက်လွှာတွေကို စတင်ထုတ်ပေးနေပြီး သင်တန်းကြေးကို ကျပ် ၃ သောင်း သတ်မှတ်ထားပါတယ်။ အရင်က ဆေးတက္ကသိုလ် အောင်သူတိုင်းကို ဆမထုတ်မပေးဘဲ အစိုးရဆီမှာ အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်ဖူးသူတွေကိုသာ ဆမထုတ်ပေးလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဆေးတက္ကသိုလ် အောင်ထားပြီး ဆမမရှိဘဲ ဆေးကုသနေသူ နယ်မြို့တွေနဲ့ ရွာတွေမှာ အများအပြားရှိတယ်လို့ ဆေးတက္ကသိုလ်အောင်ထားသူတဦးက ပြောပါတယ်။ မိမိကုထုံးကြောင့် လူနာအသက်အန္တရာယ် ထိခိုက်မှုမရှိရင် ဆမမရှိဘဲ ဆေးကုသူဟာ ပြဿနာပေါ်လေ့မရှိဘူးလို့ပြောပါတယ်။

# VB သူ့အမြင်

တိုက်လေယာဉ်နဲ့တိုက်ခိုက်ခံရမှာ ကြောက်နေတဲ့ ဗိုလ်ချုပ်သန်းရွှေဟာ မြေတွင်းတွေတူးပြီးနေရင် လုံလုံခြုံခြုံနေနိုင်မယ်လို့ ခတ်ကြောင်ခတ်ကြောင်အတွေး နဲ့ ခြောက်ခြားနေပုံရပါတယ်။ ဒါကြောင့်လည်း လေယာဉ်စီးရမှာ ကြောက်လို့ ရုရှားကို ရထားနဲ့သွားတဲ့ မြေတွင်းသား မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီး ထံမှ မြေတွင်းတူး နည်းပညာကို ယူပြီး ကြပ်ပြေးတခွင်မှာ မြေတွင်းတွေ အမြောက် အများတူပြီး မြေတွင်းအောင်းနေတာပါ။

အခုလို ဆင်ချင်တုံတရားကင်းမဲ့ပြီး အသိဉာဏ်ခေါင်းပါးတဲ့ လူ့အတ္တ တွေကြောင့် မြောက်ကိုရီးယားပြည်သူတွေနဲ့ မြန်မာပြည်သူတွေဟာ လူနေမှုဘ ဝမျိုးစုံမှာ ဆိုးဆိုးဝါးဝါးခံနေကြရတာကို ယဉ်ကျေးတဲ့ ကမ္ဘာ့လူသားတိုင်းက သိ နေတာကို လုံခြုံရေးကောင်စီမှ ဘာကြောင့် ထိရောက်စွာအရေးမယူနိုင်သနည်း။ ဒီကိစ္စနဲ့ပတ်သက်၍ အခုတပတ်သူ့အမြင်ကဏ္ဍအဖြစ် တင်ဆက်လိုက်ပါတယ်။

မြောက်ကိုရီယားအစိုးရရဲ့ နယူးကလီးယားလက်နက်ဖောက် ခွဲစမ်းလိုက် ခြင်းဟာ ကမ္ဘာ့တည်ငြိမ်ရေးနဲ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက် လိုက်တာဖြစ်တယ်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြင်းထန်စွာဝေ ဖန်ရှုတ်ချလိုက်ပါတယ်။ မြောက် ကိုရီးယားကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့ရေးနဲ့ပတ်သက်ပြီး အချိန်အတန်ကြာ ဆွေးနွေးပြောဆိုခဲ့ပြီးနောက် အခုလိုကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီး ယားကို ဒဏ်ခတ်အရေးယူဖို့ဆုံးဖြတ်ချက်ချမှတ်လိုက်တာဖြစ်ပါတယ်။

ခေါင်းမာလွန်းလှတဲ့ မြောက်ကိုရီးယားခေါင်းဆောင်တွေအပေါ် အခုလို ဆုံးဖြတ်ချက်ချမှတ်လိုက်တာဟာ လုံခြုံရေးကောင်စီအတွင်း ရှားပါးလေးနက်တဲ့ သဘောတူညီချက်တခုဖြစ်တယ်လို့ဆိုပါတယ်။ ပြင်းထန်တဲ့ ဒဏ်ခတ်ပိတ်ဆို့ မှုများထဲမှာ လက်နက်တင်ပို့မှုတွေ၊ ငွေအလွှဲအပြောင်း ဘဏ်လုပ်ငန်းတွေအပြင် သင်္ဘောဆိပ်ကမ်းတွေနဲ့ ပင်လယ်ပြင်တွေမှာ ခုတ်မောင်းနေတဲ့ မြောက်ကိုရီး ယားသင်္ဘောတွေကို သံသယရှိပါက တက်ရောက်စစ်ဆေးနိုင်မှုတွေပါဝင်ပါတယ်။ ဒီ လိုအရေးယူမှုတွေက မြောက်ကိုရီးယားကို ခြောက်နိုင်ငံဆွေးနွေးပွဲသို့ ချွင်းချက် မရှိ ချက်ခြင်းတက်ရောက်ရေးနဲ့ နယူးကလီးယားအစီအစဉ်ကို စွန့်လွှတ်ရေးအ တွက် သတိပေးလိုက်တာပါ။ အပြည်ပြည်ဆိုင်ရာ ကတိဝန်ခံချုပ်တွေကို လေးစား လိုက်နာဖို့ကိုလည်း ဒီဆုံးဖြတ်ချက်က ပြသလိုက်တာလည်းဖြစ်ပါတယ်။

မြောက်ကိုရီးယားအစိုးရနဲ့အလားတူ မိမိပြည်သူတွေကို အမျိုးမျိုးဖိနှိပ် ဖမ်းဆီးသတ်ဖြတ်နေတဲ့ မြန်မာနိုင်ငံက လူမိုက်နအဖဗိုလ်ချုပ်တွေကို မြောက်ကို ရီးယားလို လုံခြုံရေးကောင်စီက မကိုင်တွယ်နိုင်တာကတော့ အတော့်ကို စိတ်မ ကောင်းစရာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက် တရားရုံးတင်ဟန်ပြအမှုစစ်ဆေးနေတာကို တုန့်ပြန်တဲ့အနေနဲ့ ဆုံးဖြတ်ချက် ချမှတ်ခဲ့သော်လည်း ကမ္ဘာ့အဆိုးဝါးဆုံး လူမိုက်စစ်အုပ်စုကို အဆန်မပါတဲ့ အ မြောက်နဲ့ထုသလို ဖြစ်နေပါတယ်။ မြောက်ကိုရီးယားအစိုးရလိုပဲ နအဖစစ်ဗိုလ် ချုပ်တွေကလည်း ကမ္ဘာကို ဘယ်လိုအရူးလုပ်ရမလဲဆိုတာ ကောင်းကောင်းသိ နေတယ်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေထဲက အတ္တဆန်ကိုယ်ကျိုးသမားတွေနဲ့ တခြားအဖွဲ့ဝင်တွေကြားမှာ အရေးယူတဲ့ သဘောတူဆုံးဖြတ်ချက် ဘယ်တော့မှ အချနိုင်ဘူးဆိုတာ နအဖဗိုလ်ချုပ်တွေ ကောင်းကောင်းသိထားပါတယ်။ ပိုဆိုး တာက ထိပ်တိုက်တွေ့ရမယ့် ကမ္ဘာ့ပြဿနာတွေ ကိုရင်ဆိုလာရတဲ့အခါတိုင်း မှာ ဝတ်ကျေ တန်းကျေသဘောလောက် ကြေညာချက်ထုတ်ပြန်တာပဲရှိပါတယ်။ ထိရောက်တဲ့အရေးယူဆောင်ရွက်မှုမျိုးတွေဟာ သိပ်ကိုနည်းပါတယ်။

လုံခြုံရေးကောင်စီအတွင်း ပစ်ဒဏ်ခတ်အရေးယူဖို့ အားသန်သူတွေနဲ့ ကန့်ကွက်သူတွေကြား အဆင်ပြေဆုံးညှိနှိုင်းနေပေမယ့်လည်း လုံခြုံရေးကောင်စီ က နအဖစစ်ဗိုလ်ချုပ်တွေကို ပြင်းပြင်းထန်ထန်ပြောဆိုဝေဖန်တာမျိုးမလုပ်ပါဘူး၊ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံရဲ့ သဘောထားကလည်း တထပ်တည်းမကျပါဘူး။ အထူးသဖြင့် တရုတ်နဲ့ ရုရှားနိုင်ငံတို့ဟာ မြန်မာနိုင်ငံအရေးမှာ ကန့်လန့်ကန့် လန့်လုပ်နေလို့ အနှစ် ၂၀ နီးပါး ပြဿနာတွေ ဖြေရှင်းလို့မရဖြစ်နေတာပါ။ ဒီ နှစ်နိုင်ငံဟာ နအဖစစ်ဗိုလ်ချုပ်တွေကို အရေးယူဖို့ပြောဆိုဆွေးနွေးတဲ့အခါတိုင်း မှာ လိုအပ်ရင် အမှတ်မထင် တပြိုင်တည်း ဗီတိုအာဏာသုံး ပယ်ချလေ့ရှိပါတယ်။

လတ်တလော ထိုင်း မြန်မာနယ်စပ်တခွင်ရှိ တိုင်းရင်းသားလူမျိုးစုတွေကို အကြီးအကျယ်ထိုးစစ်ဆင်နေတာတွေ၊ ကမ္ဘာ့အပယ်ခံ မြောက်ကိုရီးယားနဲ့ နသားပါရ ဆက်ဆံနေတာတွေ၊ ပြည်တွင်းမှာ လူထုကို ဖိနှိပ်ခြိမ်းခြောက်နေတာ တွေ၊ ကြပ်ပြေး တောင်ကြီးနဲ့ မေမြို့တခွင်မှာ လှိုင်ခေါင်းကြီးတွေ ထွင်းဖောက်ပြီး ဝင်လိုက် ထွက်လိုက်လုပ်ပြနေတာတွေဟာ နိုင်ငံတကာမိသားစုများနဲ့အာဆီယံ အဖွဲ့ကြီးကိုပါ အကဲစမ်း စိန်ခေါ်နေတာပါ။

နိုလ်ဘဲလ်ငြိမ်းချမ်းရေးဆုရှင် မြန်မာပြည်သူလူထုရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မတရားအမှုဆင် တရားရုံးတင်စစ်ဆေးနေတာဟာ ဥပဒေမဲ့ တရားလက်လွတ် ထင်ရာလုပ်နေတယ်ဆိုတာ မြန်မာလူထုနဲ့ ကမ္ဘာ့ လူထုကပါ အတိအကျသိနေတာပါ။ မြန်မာနိုင်ငံရဲ့ အချုပ်အချာအာဏာကို ပိုင်စိုးထားတဲ့ လူမိုက်ဗိုလ်ချုပ်တွေက ပြည်သူလူထုကို အနိုင်ကျင့်ထင်ရာလုပ် နေတာကတော့ အစွယ်ရှိသူက အစွယ်မရှိသူကို သတ်ဖြတ်စားသောက်၊ အ ဆိပ်ရှိသူက အဆိပ်မရှိသူကို သတ်ဖြတ်စားသောက်နေသလိုဖြစ်နေတာပါ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ချွင်း ချက်မရှိ ချက်ခြင်းလွှတ်ပေးဖို့ အကြိမ်ကြိမ်တောင်းဆိုနေခဲ့တာ ကြာပါပြီ။ မကြာ သေးမီကပဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon ဟာ အကျော်မာ လှတဲ့ နအဖလူမိုက်ဗိုလ်ချုပ်တွေကို ဖျောင်းဖြဖို့ မြန်မာနိုင်ငံကိုကိုယ်တိုင်သွား ရောက်ခဲ့ပေမယ့် ထင်သလောက် မပေါက်ရောက်ခဲ့ပါဘူး။ အသားစားကျားကို မြက်ကျွေးလို့မစားဘူးဆိုတာ သိဖို့ကောင်းပါပြီ။

ဆင်ချင်တုံတရားကင်းမဲ့ပြီး အသိဉာဏ်ခေါင်းပါးတဲ့ လူအတ္တတွေကြောင့် မြောက်ကိုရီးယားပြည်သူတွေနဲ့ မြန်မာပြည်သူတွေဟာ လူနေမှုဘဝမျိုးစုံမှာ ဆိုးဆိုးဝါးဝါးခံနေကြရတာပါ။ နှစ်နိုင်ငံလုံးရဲ့လူ့အတ္တတွေဟာ မိမိတို့အာဏာ တည်မြဲရေးအတွက် လူသတ်လက်နက် မျိုးစုံဝယ်ယူရာမှာ ငွေကြေးအမြောက်အ များသုံးစွဲနေပေမယ့် ပြည်သူအများစုမှာတော့ ဆင်းရဲမွဲတေ ငတ်ပြတ်နေလို့ နိုင်ငံခြားမှ ကူပါ ပေးပါ တစာစာနဲ့ အော်နေကြရတာ ကြေကွဲစရာပါ။

နအဖစစ်ဗိုလ်ချုပ်တွေဟာ ၁၉၈၈ နောက်ပိုင်းမှာ ကြိမ်ဖန်များစွာ ဒီမို ကရေစီရေး အော်ဟစ်တောင်းဆိုသူတွေကို ရက်ရက်စက်စက် ဖမ်းဆီးနှိမ်နင်း သတ်ဖြတ်ခဲ့တာလူတိုင်းအသိပါ။ ကုန်ဈေးနှုန်းတွေကြီး မြင့်လွန်းလို့ ၊ လောင်စာဆီ ဈေးတွေ ကြီးမြင့်လွန်းလို့ ဆန္ဒပြတောင်းဆိုသူတွေလည်း မတရားဖမ်းဆီးနှစ်ရှည် ထောင်ဒဏ်တွေချမှတ်နေတာပါ။

နောက်ဆုံး မေတ္တာပို့ စီတန်းကြွချီလာတဲ့ ရဟန်းသံဃာတော်များကို ရက်ရက်စက်စက် ရိုက်နှက် ဖမ်းဆီး နှိပ်စက် သတ်ဖြတ်ပြီး မြစ်ထဲမျှောချလိုက်တဲ့ ဖြစ်ရပ်ဟာ ကြားရ မြင်ရသူတိုင်း အံ့သြတုန်လှုပ် ခြောက်ခြားကြရပါတယ်။ ဒီ လောက်အထိ ကမ္ဘာ့ရွာမှာ လူမဆန်စွာ ရက်စက်ကြမ်းကြုပ်လှတဲ့ နအဖလူမိုက် ဂျပိုးသူခိုးတွေကို လုံခြုံရေးကောင် စီမှတပါး အခြားတတ်နိုင်မယ့်သူမရှိတော့ပြီလော။ မြောက်ကိုရီးယားကဲ့သို့ အရေးယူသင့်ပြီ ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။ ☆☆

# သတင်းပြက္ခဒိန်

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဂျူလိုင် ၁၇၊ Mizzima ။ ။** အာဆီယံသည် လူ့ အခွင့်အရေးအဖွဲ့ ကို အမည်အားဖြင့်သာထားလျှင် အဓိပ္ပာယ်ကင်းမဲ့ကြောင်း ခိုင်မာသည့် လူ့ အခွင့်အရေးအဖွဲ့ ဖွဲ့သင့်ကြောင်း အာဆီယံနှင့် ကမ္ဘာ့လူ့ အခွင့်အရေးအင်အားစုများမှ သတိပေးတောင်းဆို၏။

**ဂျူလိုင် ၁၈၊ WP ။ ။** နအဖသည် နိုင်ငံရေးအကျဉ်းသားများအား ရပ်ဝေးထောင်များသို့ပို့ခြင်းသည် မိသားစုကိုပါ အပြစ်ချဒဏ်ပေးခြင်းဟု အမေရိကန်အခြေစိုက် Burma Democrat Concern အဖွဲ့ မှ ဒါရိုက်တာဦးခင်မောင်ဝင်းမှဆို၏။

**ဂျူလိုင် ၁၉၊ Bernama ။ ။** အာဆီယံလူ့ အခွင့်အရေးအဖွဲ့ အစည်းကို Inter-Governmental Commission on Human Rights အမည်ဖြင့် အောက်တိုဘာတွင် စတင်ကာ ငါးနှစ်တကြိမ် ToR ရည်ညွှန်းချက်များပြန်လည်ပြင်ဆင်သုံးသပ်ရန် သဘောတူခဲ့၏။

**ဂျူလိုင် ၁၉၊ RGN-NewsPapers ။ ။** အာဇာနည်နေ့တွင် နအဖ သည် ရန်ကုန်မြို့တွင် လုံထိန်းအင်အားဖြည့် ကြပ်မတ်ခဲ့၏။

**ဂျူလိုင် ၁၉၊ RGN- AP ။ ။** အာဇာနည်နေ့ကျင်းပတက်ရောက်ခဲ့သူ အဲန်အဲလ်ဒီအဖွဲ့ဝင် ဒါဇင်များစွာကို အပြန်တွင် နအဖ အာဏာပိုင်များမှ ခေတ္တဖမ်းဆီးခဲ့ကြောင်း။

**ဂျူလိုင် ၂၀၊ Manila Times ။ ။** မြန်မာ နအဖ အပေါ် ဖိအားသက်သက်ဖြင့်မရနိုင်ဘဲ ဒေသတွင်းပိုမိုကျယ်ပြန့်စွာ ဆွေးနွေးမှု ဆုပေးဒဏ်ပေးစနစ်သုံးရန် လိုကြောင်း စင်္ကာပူတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံမှ ပါမောက္ခ Bridget Welsh မှဆို၏။

**ဂျူလိုင် ၂၀၊ BP ။ ။** ကုန်သွယ်ပိတ်ပင်မှုများသည် ပြဿနာကို မဖြေရှင်းနိုင်ကြောင်းနှင့် မြန်မာအပေါ် ပိတ်ပင်ကန့်သတ်မှုကို သဘောမတူကြောင်း အလှည့်ကျအာဆီယဉက္ကဋ္ဌ ထိုင်း၏ဝန်ကြီးချုပ် Abhisit Vejjajiva မှ အပတ်စဉ် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်မှဆို၏။

**ဂျူလိုင် ၂၀၊ Mizzima ။ ။** အာဇာနည်နေ့ ဂါရဝပြုရန်လာသူ ပြည်သူများအား နအဖ အာဏာပိုင်များမှ မောင်းထုတ်ခဲ့ကြောင်း။

**ဂျူလိုင် ၂၀၊ Mizzima ။ ။** ဘန်ကီမွန်းခရီးစဉ်ပြန်သုံးသပ်နေသည့် ယခုကာလသည် မြန်မာနှင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး ကုလမှလုံးပန်းရန် အချိန်သင့်ကြောင်း။ ယခုမှမလုပ်လျှင် ဘယ်တော့လုပ်မည်နည်းဟု ဒီမိုကရေစီအင်အားစုများမှ အမှုဆုံးဖြတ်ချက်ချခါနီး အင်းစိန်ထောင်ရှိ ဒေါ်အောင်ဆန်းစုကြည်အတွက် စိတ်ပူတောင်းဆို၏။

**ဂျူလိုင် ၂၀၊ DVB ။ ။** ဘိုကလေးတွင် တလအတွင်း လေဆင်းနှာမောင်း ၃ ကြိမ်တိုက်ခတ်ခဲ့ကြောင်း။

**ဂျူလိုင် ၂၀၊ DVB ။ ။** ယခင်သတင်းပတ်တွင် လူငယ်လုပ်ငန်းအဖွဲ့ ပြန်လည်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ယခုတခါ အဖွဲ့ချုပ်ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း။

**ဂျူလိုင် ၂၀၊ Business Mirror ။ ။** အာဆီယံနှင့် ၎င်း၏ဆွေးနွေးဖက် ၄၂ နိုင်ငံသို့ အာဆီယံလူ့ အခွင့်အရေးအဖွဲ့သည် လူ့ အခွင့်အရေးဖောက်ဖျက်သည့် အာဆီယံဝင်နိုင်ငံအား လိုအပ်ပါက အရေးယူပိုင်ခွင့်ရှိအဖွဲ့ ဖြစ်စေရန် ကြတ်မတ်ဖွဲ့ စည်းသင့်ကြောင်း အိပ်ဖွင့်စာဖြင့် တိုက်တွန်း၏။

**ဂျူလိုင် ၂၁၊ DVB ။ ။** မြန်မာမြို့ရွာအနှံ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး အင်္ဂါနေ့ဆုတောင်းပွဲများ ကျင်းပ၏။

**ဂျူလိုင် ၂၁၊ WTN ။ ။** မြန်မာအပေါ် ပိတ်ပင်ကန့်သတ်မှုများ နောက်တနှစ်တာဆက်ထားရန် အမေရိကန် အထက်လွှတ်တော်မှ သဘောတူမဲပေးခဲ့၏။

**ဂျူလိုင် ၂၂၊ ND, Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ရန် အိန္ဒိယအစိုးရသည် နှုတ်ဆိတ်နေသော်လည်း ပါလီမန်အမတ် တဒါဇင်ကျော်မှတောင်းဆို၏။

**ဂျူလိုင် ၂၂၊ Mizzima ။ ။** နအဖ သည် မိမိနှင့်အပေးအယူရှိသူများပိုင် ကုမ္ပဏီ၂၅ ခုအား လယ်သမားများသို့ စိုက်ပျိုးရေးငွေ ချေးငှားရန် ညွှန်ကြားလိုက်၏။

**ဂျူလိုင် ၂၂၊ Mizzima ။ ။** ဒီမိုကရေစီအင်အားစုအား နိုင်ငံရေးကိုနိုင်ငံရေးဖြင့်၊ လူ အင်အားကို လူ အင်အားဖြင့် တုန့်ပြန်ရန် နအဖ ပြည်ထဲရေးဝန်ကြီးမှ ညွှန်ကြားဘူးကြောင်း။

**ဂျူလိုင် ၂၂၊ Mizzima ။ ။** အိန္ဒိယ–အမေရိကန် လက်နက်ရောင်းဝယ်မှုသည် နအဖ အတွက် စဉ်းစားစရာဖြစ်နေကြောင်း။

**ဂျူလိုင် ၂၂၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများအား သူမနှင့်နောက်ဆုံး လျှောက်လဲချက်အတွက် တိုင်ပင်တွေ့ဆုံခွင့်မပေးကြောင်း နအဖ မှ ဖုန်းဖြင့်အကြောင်းကြားခဲ့ကြောင်း ရှေ့နေဦးဉာဏ်ဝင်း အဲန်အဲလ်ဒီမှဆို၏။ နောက်ဆုံးလျှောက်လဲချက်တွင် ယခုအထိပြုစုထားချက်များကိုသာ မှီးရမည်ဟုဆို၏။

**ဂျူလိုင် ၂၂၊ S. Africa ။ ။** တောင်အာဖရိကမှ မဟတ္တမဂန္ဒီ ငြိမ်းချမ်းရေးဆုနှင့် ပြန်လည်ရင်ကြားစေ့ရေးဆုကို ဒေါ်အောင်ဆန်းစုကြည်သို့ အပ်နှင်း၏။

**ဂျူလိုင် ၂၂၊ DVB ။ ။** အင်္ဂါနေ့နှင့် အမှုရက်ချိန်းတိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံလှုပ်ရှားမှုများဆက် ပြုလုပ်နေကြောင်း။

**ဂျူလိုင် ၂၂၊ PHUKET ။ ။** မြောက်ကိုးရီးယားအပေါ် ပိတ်ပင်မှုကို မြန်မာမှ သဘောတူလက်ခံ၍ ဟီလာရီကလင်တန်မှ ထိုမြန်မာလုပ်ရပ်အား ချီးကျူး၏။

**ဂျူလိုင် ၂၂၊ DVB မိတ္ထီလာ ။ ။** မိတ္ထီလာတွင် ဘုန်းကြီးအပါး ၁၅၀ ကို စမူဆာကပ်လှူခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုတောင်းပွဲများပြုနေ၍ သူမ လွတ်မည်ဟုထင်သလောဟု ဒီဗွီဘီ၏အမေးကို၊ ဒေါ်အောင်ဆန်းစုကြည်သည် တသက်လုံး အကျဉ်းကျမနေနိုင်၊ စစ်အစိုးရသည်လည်းတသက်လုံး အာဏာယူမထားနိုင်၊ မြန်မာပြည်သူများသည် တသက်လုံး ဒုက္ခရောက်မနေနိုင်ဟု မိတ္ထီလာ အဲန်အဲလ်ဒီအတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးမှဆို၏။

**ဂျူလိုင် ၂၂၊ Mizzima ။ ။** ၂၀၀၆ ရုရှားခရီးစဉ်တွင် ဗိုလ်ချုပ်မောင်အေးသည် မြန်မာတွင် မီဂါဝပ် ၁၀ သန်းရှိ နျူကလီးယားစက်တည်ရေးတွင် ရုရှအကူအညီကို တောင်းခဲ့ကြောင်း။

**ဂျူလိုင် ၂၂၊ Phuket ။ ။** အာဆီယံနှင့် ၎င်း၏ဆွေးနွေးဘက်များ အစည်းအဝေးတွင် မြောက်ကိုးရီးယားနှင့်မြန်မာစစ်ရေးပူးပေါင်းမှုအပေါ် အထူးသဖြင့် နျူကလီးယားဖလှယ်မှုအပေါ် လုံးဝစိတ်မအေးကြောင်း ထိုင်းရောက် အမေရိကန်နိုင်ငံခြားရေးဌာန အတွင်းရေးမှူး Hillary Clinton မှဆို၏။

**ဂျူလိုင် ၂၂၊ Mizzima.DVB ။ ။** အမေရိကန်နိုင်ငံခြားရေးဌာနအရာရှိများသည် Dr.Cynthia Maung အပါအဝင် မြန်မာဒီမိုကရေစီအင်အားစု ၂၀၀ ခန့်နှင့် တွေ့ဆုံခဲ့၏။ Hillary ၏ မြန်မာ့အရေး နက်ရှိုင်းစွာကိုင်တွယ်မှုကို အားရဂုဏ်ယူကြောင်း Dr. Cynthia မှဆို၏။

**ဂျူလိုင် ၂၂၊ TKY ။ ။** နအဖသည် မြေအောက်လိုဏ်ခေါင်းဆောက်မှုတွင် အရပ်သားဖက်မပါ စစ်ဖက်ဆိုင်ရာ အင်ဂျင်နီယာများသာ သုံးမှုစသည်တို့ကို ကြည့်လျှင် နအဖ၏ နျူကလီးယားလက်နက်ထုတ်ရေးအတွက်ဟုသိသာကြောင်း တိုကျိုသတင်းစာရှင်းပွဲတွင် ဦးဆောင်ဆွေးနွေးသူ ညွန့်ပေါင်းအစိုးရအဖွဲ့မှ ဦးဘိုလှတင့်မှဆို၏။

**ဂျူလိုင် ၂၃၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် သဘက်ခါအပြီးသပ်လျှောက်လဲချက်နေ့အတွက် ယနေ့နောက်ဆုံးအကြိမ် သူမ၏ ရှေ့နေများနှင့် တိုင်ပင်ခွင့်ရခဲ့၏။

**စာမျက်နှာ ၁၅ သို့**

# အာဏာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုသူများဟန့်တားနှောင့်ယှက်ခံရ

**BBC ၊ ဇူလိုင် ၁၉ ။** ။ ဒီကနေ့ကျရောက်တဲ့ မြန်မာနိုင်ငံရဲ့ ၆၂ နှစ်မြောက် အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုဘို့သွားရောက်ကြသူတွေအနက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ဓာတ်ပုံပါ တဲ့တီရှပ်အင်္ကျီတွေ ဝတ်ဆင်သွားသူတွေကို အာဇာနည်ဗိမ္မာန်ထဲ ဝင်ရောက်ခွင့်မပေးဘူးလို့ တားမြစ်ခံရသူတွေက BBC ကိုပြောပါတယ်။

NLD ပါတီဝင်တွေအပါအဝင် လူ ၃၀ လောက်ကို အာဏာပိုင်တွေက အာဇာနည်ကုန်းနားမှာ ခေတ္တခေါ်ယူထိန်းသိမ်းခဲ့ပေမယ့် နာရီဝက်လောက်အကြာမှာ ပြန်လွှတ်ပေးလိုက်ကြောင်း NLD ပါတီပြောခွင့်ရသူ ဦးဉာဏ်ဝင်းကဆိုပါတယ်။ အာဇာနည်ဗိမာန်ထဲကို ဝင်ခွင့်မပေးဘဲ စစ်ဆေးခံရတဲ့အမျိုးသမီးတဦးကို ရဲမေတဦးက အဝတ်အစားတွေလှန်လှောပြီး ကာအိန္ဒြေပျက်ပြားလောက်အောင် ရှာဖွေခဲ့ကြောင်း၊ အဲဒီအရှာခံရတဲ့အမျိုးသမီးရဲ့ မောင်ဖြစ်သူက ပြန်ပြောပြပါတယ်။

ဒီကနေ့ ရန်ကုန်မြို့မှာ အစိုးရကကျင်းပတဲ့ အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသာတက်ရောက်ခဲ့ပြီး နိုင်ငံခေါင်းဆောင်အဆင့်အရာရှိတွေ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။ အခုအခါ အင်းစိန်အကျဉ်းထောင်မှာ အဖမ်းခံထားရတဲ့ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကတော့ ထောင်ဆေးရုံမှာတင်ထားတဲ့ လူနာတွေကို စားစရာတွေ ဒီကနေ့လှူဒါန်းဘို့ အစီအစဉ်ရှိပါတယ်။

သူဦးဆောင်တဲ့ အတိုက်အခံ NLD ပါတီရုံးချုပ်မှာလည်း ဒီကနေ့မှာ အာဇာနည်နေ့အထိမ်းအမှတ် အခန်းအနားတရပ်ကျင်းပခဲ့ပြီး အာဏာပိုင်တွေက နှောင့်ယှက်ဟန့်တားခြင်း မရှိပေမယ့် လုံထိန်းရဲနဲ့စွမ်းအားရှင်တွေ အများကြီးကို ရုံးအနီးတဝိုက်မှာ လုံခြုံရေးချထားကြောင်း ဦးဉာဏ်ဝင်းကပြောပါတယ်။ မိတ္ထီလာမြို့နယ်မှာလည်း အာဇာနည်နေ့အထိမ်းအမှတ်ပွဲကို တက်ရောက်ဘို့ ဝမ်းတွင်းကလာတဲ့ NLD မြို့နယ်စည်း လေးဦးကို အာဏာပိုင်တွေက လမ်းမှာတားမြစ်ခဲ့ပြီး သူတို့စီးလာတဲ့ဆိုင်ကယ်လ်တွေကနေ သော့တွေကိုဖြုတ်ယူ သိမ်းဆည်းခဲ့တယ်လို့ မိတ္ထီလာမြို့နယ်စည်းအဖွဲ့က ဒေါ်မြင့်မြင့်အေးကဆိုပါတယ်။

ဆိုင်ကယ်လ်နဲ့သွားလို့မရတဲ့အတွက် မြင်းလှည်းငှားတဲ့အခါမှာလည်း အာဏာပိုင်တွေက မြင်းလှည်းသမားကို နှင်ထုတ်ခဲ့တာကြောင့် လမ်းလျှောက်ပြီး ဆက်သွားဘို့ကြိုးစားတဲ့အခါ စွမ်းအားရှင်အဖြစ် တနေ့ကို ငွေကျပ် ၂,၀၀၀ နဲ့ခေါ်လာသူတွေကို ဖမ်းဆီးခိုင်းတယ်လို့ သူကပြောပါတယ်။ တခြားမြို့နယ်တွေဖြစ်တဲ့ ကော့သောင်၊ တွံတေး၊ ရွှေတောင်၊ မန္တလေး၊ ညောင်ဦး၊ မြင်းခြံ၊ ရေနံချောင်း စတဲ့နေရာတွေမှာလည်း အာဇာနည်နေ့အထိမ်းအမှတ်ပွဲတွေ ကျင်းပခဲ့ကြတယ်လို့သိရပါတယ်။ မြန်မာအိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ မလေးရှားနဲ့အိန္ဒိယ နိုင်ငံတွေမှာလည်း မြန်မာနိုင်ငံရဲ့ ၆၂ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခန်းအနားတွေ အသီးသီးကျင်းပခဲ့ကြပါတယ်။

# အမျိုးသမီးလုပ်ငန်းအဖွဲ့ တိုးချဲ့ဖွဲ့စည်း

**DVB ၊ ဇူလိုင် ၂၀ ။** ။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြီးခဲ့တဲ့သီတင်းပတ်တွေက ဗဟိုလူငယ်လုပ်ငန်းအဖွဲ့ ပြန်လည်တိုးချဲ့ဖွဲ့စည်းခြင်း လုပ်ခဲ့သလို ဒီသီတင်းပတ်မှာလည်း ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ ပြန်လည်တိုးချဲ့ ဖွဲ့စည်းရေး ဆောင်ရွက်နေပါတယ်။

ဒါဟာ ပါတီတွင်းလုပ်ငန်းလည်ပတ်ရေး ပိုမိုအားကောင်းလာစေရေး အတွက် ရည်ရွယ်တာဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိုပြင်တဲ့သဘော မဟုတ်ဘူးလို့ ပြန်ကြားရေးအဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာ ဝင်းနိုင်ကပြောပါတယ်။

"ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ အထောက်အကူပြုအဖွဲ့ဝင်တွေ ပြည်နယ်တိုင်းတွေက ဖိတ်ကြားပြီး ဆွေးနွေးပွဲ ဒီနေ့စလုပ်တယ်။ အားလုံးပေါင်း ၅ ရက်။ တချို့လည်း ကျန်းမာရေးမကောင်းကြဘူး၊ တချို့လည်း ကွယ်လွန်သွားတယ်။ အဲဒါကို အစီရင်ခံနိုင်ဖို့အတွက် ပြည်နယ်တိုင်းတွေက အမျိုးသမီးခေါင်းဆောင်တွေ ရွေးပြီး ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ရဲ့ အထောက်အကူအဖွဲ့ဝင်တွေဆိုပြီး တိုးချဲ့ဖွဲ့စည်းတာပါ။ စည်းရုံးရေးလုပ်ငန်းစဉ်တွေ ဖွဲ့စည်းတယ်ဆိုတာ ရွေးကောက်ပွဲကိစ္စနဲ့ ဘာမှမပတ်သက်ဘူး။"

ပြီးခဲ့တဲ့နှစ် နှောင်းပိုင်းက အကျဉ်းထောင်ကနေ ပြန်လွှတ်မြောက်လာသူ မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်က အမျိုးသမီးလုပ်ငန်း ပြန်လည်ဖွဲ့စည်းရေးကို ဦးစီးဆောင်ရွက်နေတာဖြစ်ပြီး ပြည်နယ်၊ တိုင်းတွေက အမျိုးသမီးတွေနဲ့အင်အားတိုးဖွဲ့စည်းသွားမယ့် သဘောဖြစ်ပါတယ်။ လူငယ်နဲ့ အမျိုးသမီးပြီးရင် ပါတီရဲ့အဓိက မောင်နှင်အားဖြစ်တဲ့ စည်းရုံးရေးကော်မီတီတွေကိုလည်း ပြန်လည်တိုးချဲ့သွားမှာဖြစ်တယ်လို့ ဒေါက်တာဝင်းနိုင်က ပြောပါတယ်။ ပါတီအလုပ်မှုဆောင်ကော်မီတီဝင်တဦးဖြစ်တဲ့ ဦးဝင်းတင်က လူထုကို မျက်နှာမူတဲ့နိုင်ငံရေး လုပ်ရမယ်၊ အင်အားတွေတိုးချဲ့ ဖွဲ့စည်းရမယ်လို့ ပြီးခဲ့တဲ့ သီတင်းပတ်က ပြောဆိုပြီး ဆက်တိုက်ထွက်ပေါ်လာတဲ့ လှုပ်ရှားမှုတွေလည်း ဖြစ်ပါတယ်။

မနေ့က အာဇာနည်ကုန်းကိုသွားပြီး အလေးပြုဖို့ကြိုးစားတဲ့ ပါတီလူငယ်တချို့ဖမ်းဆီးခံရတယ်လို့ သတင်းတွေထွက်ခဲ့ပေမယ့် ဒီနေ့သိရတဲ့ သတင်းတွေအရ ဘယ်သူမှအဖမ်းမခံရဘူးလို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့က ပြောပါတယ်။ တွံတေးမြို့နဲ့ တခြားနယ်မြို့တွေမှာ အလားတူ နှောင့်ယှက်တာတွေ၊ ဖမ်းဆီးဖို့ ခြိမ်းခြောက်တာတွေရှိခဲ့တယ်လို့ ပြန်ကြားရေးအဖွဲ့က ပြောကြားခဲ့ပါတယ်။

# သတင်းစာဆရာကြီးပုံသာဝတီဦးဝင်းတင်ဆေးကုသမှုခံနေရ

**Irrawaddy ၊ ဇူလိုင် ၂၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်တဦးဖြစ်တဲ့ သတင်းစာဆရာကြီးဦးဝင်းတင်သည် ကျန်းမာရေးမကောင်းမွန်သောကြောင့် ဆေးဝါးကုသမှုခံယူနေရကြောင်း သိရပါတယ်။

အသက် ၈၀ ဝန်းကျင်ရှိ ဦးဝင်းတင်ဟာ ပြီးခဲ့တဲ့ကြာသပတေးနေ့မှစ၍ နှလုံးခုန်နှုန်းမမှန်ဖြစ်ပြီး မောပန်းတဲ့ဝေဒနာကို ခံစားနေရတဲ့အတွက် NLD ရုံးကို မသွားရောက်နိုင်ဘဲ အိမ်တွင်အနားယူနေရကြောင်း ပြောပါတယ်။ "လွန်ခဲ့တဲ့ ကြာသပတေးနေ့ကစပြီး ရုံးမတက်နိုင်ဘူး။ ကျနော်တခုခုလှုပ်ရှားရင် အရမ်းမောသလို ခံစားရတယ်။ သာမန်လူတယောက်က ပုံမှန်နှလုံးခုန်နှုန်း တမိနစ်မှာ ၇၀–၈၀ နှုန်းနဲ့ ကျနော့သွေးခုန်နှုန်း နှိုင်းယှဉ်ကြည့်ရင် ကျနော့နှလုံးခုန်က တမိနစ်ကို ၄၆–၄၇ နှုန်းလောက်ဘဲ ခုန်နေတယ်။" လို့ ဦးဝင်းတင်ကပြောပါတယ်။

နှလုံးရောဂါအထူးကု ဒေါက်တာချိုလေးမာနှင့် ဆေးကုသမှုခံယူနေကြောင်းလည်း ဦးဝင်းတင်ရဲ့မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ခင်က ပြောပြပါတယ်။ ဦးမောင်မောင်ခင်က "နှလုံးပါရဂူ ဒေါ်ချိုလေးမာနဲ့ပြထားတယ်။ ဆေးပေးထားတယ်။ နောက် တပတ်ထပ်ချိန်းထားတယ်။ ဆရာဝန်ကတော့ နှလုံး အဆို့ရှင်လေးခုရှိတယ်။ သုံးခုက ဟ နေတယ်တဲ့၊ နှလုံးရောဂါဖြစ်ချင်တယ်တဲ့၊ သိပ်ဆိုးဆိုးဝါးဝါးတော့ မဟုတ်သေးဘူးလို့ပြောတယ်။" လို့ ပြောပါတယ်။

ဦးဝင်းတင်သည် ၁၉ နှစ်ကျော် နိုင်ငံရေးအကျဉ်းသားဘဝနဲ့ ဖြတ်သန်းခဲ့ရပြီး ထို အကျဉ်းကျနေချိန်တလျှောက်လုံး အစာအာဟာရ ပြည့်ဝစွာ မစားရတဲ့အပြင် သူ့ရဲ့ကျန်းမာရေးအတွက် ဆေးဝါးကုသမှုမခံယူခဲ့ရပေ။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလတွင် အင်းစိန်ထောင်မှပြန်လွှတ်လာပြီးနောက်ပိုင်း မကြာခဏ ကျန်းမာရေး ညံ့လျှက်ရှိကြောင်း၊ နိုဝင်ဘာလတွင် ပန်းနာ ရင်ကြပ် ရောဂါခံစားခဲ့ရပြီး ဒီဇင်ဘာလတွင် သွေးပေါင်ကျမှုကြောင့် ရက်အနည်းငယ်ကြာ ဆေးရုံတက်ခဲ့ရကြောင်းသိရပါတယ်။

ဦးဝင်းတင်နဲ့ထောင်အတူကျခံခဲ့ဘူးတဲ့ ထိုင်းနိုင်ငံ NLD လွှတ်မြောက်နယ်မြေ နိုင်ငံခြားရေးဌာနမှအတွင်းရေးမှူး ဦးမိုးဇော်ဦးက "သူ (ဦးဝင်းတင်) က ထောင်ထဲမှာ မကြာခဏနေထိုင်မကောင်းဖြစ်တတ်တယ်။ အစာအာဟာရဖြစ်တဲ့ အစားအသောက်မစားရတာရယ်၊ ဆေးဝါးလည်းအလုံအလောက် ကုသမှုမရခဲ့ဘူး။ ဒါကြောင့် ကျနော်တို့က သူအသက်ရှင်လျှက်နဲ့ ထောင်ထဲကထွက်နိုင်ပါ့မလားလို့တောင် စိုးရိမ်ခဲ့တယ်။" လို့ပြောပါတယ်။



# သတင်းတိုထွာဖတ်စရာက

**ကျော်စံကြွေး**

## ကေအဲန်ယူရဲ့ငြင်းဆိုချက်

နအဖသတင်းစာတွေထဲမှာ KNUတပ်မဟာ ၆ က တပ်ဖွဲ့ဝင် တွေဟာ စစ်အုပ်စုထံလက်နက်ချခဲ့တယ်လို့ ဖော်ပြထားပါတယ်၊ ဒါပေမဲ့လည်း KNU က သူတို့ဘက်ကနေ ထွက်ပြေးပြီး နအဖဘက်ကူးသွားတာ အခု လောလောဆယ် တယောက်မှမရှိဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့လည်း ထိုင်း– မြန်မာနယ်စပ်မှာရှိတဲ့ ကရင်သတင်းရပ်ကွက်တခုက နအဖပြောတဲ့လက်နက်ချတယ်ဆိုတဲ့သူတွေဟာ ကရင်စစ်သားဟောင်းတွေဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဟာ နအဖရဲ့ သေနတ်မပစ်ပဲဝါဒဖြန့်တဲ့နည်းစနစ်တခုဖြစ်ပါတယ်။ **(IRRAWADDY, VOB, 24.7. 2009)**

## နိုင်ငံရေးနိုးနှောဖလှယ်ပွဲ

နအဖနဲ့ ကွန်မြူနစ် ဗီယက်နမ်အစိုးရတို့ နိုင်ငံရေးအမြင်သဘောထားနဲ့ အခြေအနေတွေသုံးသပ်ဖလှယ်ပွဲတခုကို နအဖရုံးစိုက်ရာ ကြပ်ပြေးနေပြည်တော်မှာပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ နှစ်ဘက်ဒုတိယနိုင်ငံခြားရေးဝန်ကြီးတွေ ဆွေးနွေးကြတယ်လို့ ဆိုပါတယ်။ နအဖကတော့ သူတို့အာဏာဆက်လက်ချုပ်ကိုင်နိုင်ရေးအတွက် နည်းပေါင်းစုံကို စနစ်တကျနဲ့အကွက်စေ့စေ့အသုံးချနေပါတယ်။ **(NET BRIDGE, 23.7.2009)**

## စိုးရိမ်ရေမှတ်ရောက်နေတဲ့အဲန်အဲလ်ဒီ

အဲန်အဲလ်ဒီရဲ့ခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က သူတို့ရဲ့ပါတီဟာ စိုးရိမ်ရ တဲ့အခြေအနေကို ရောက်နေပြီလို့ ဆိုလိုက်ပါတယ်။ အဓိကကတော့ ပါတီခေါင်းဆောင်တွေ အသက်ကြီးနေပြီးကျန်းမာရေးယိုယွင်းလာနေလို့ပါပဲ။ ပါတီတာဝန်တွေကနေ အနားယူရမှာဖြစ်ပေမဲ့ လုပ်စရာတွေအများကြီးရှိတာ ကြောင့် မနားနိုင်ဘူးလို့ ဆိုပါတယ်။ နအဖကတော့ ပါတီခေါင်းဆောင်တွေ တဖြည်းဖြည်းနဲ့အမှည့်လွန်ပြီးကြွေမယ့်ရက်ကို လက်ပိုက်စောင့်ကြည့်နေမှာပါ။ **(Mizzima, VOB, 23.7.2009)**

## လူထုကို လူထုနဲ့ပြန်တိုက်မယ့်နည်း

နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက သူ့လက်အောက်ဌာနကဝန်ထမ်းတွေကို တောင်းမစားနဲ့ ကိုယ့်အစွမ်းနဲ့ကိုယ်လုပ်ကိုင်စားကြလို့ဆိုပါတယ်။ လူထုကို လူထုနဲ့တန်ပြန်၊ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့တန်ပြန်ရမယ်လို့လည်းပြောပါသေးတယ်။ တရားမဝင် ကားတွေတွေ့ရင် အကောက်ခွန်ကိုအကြောင်းကြား၊ သိမ်းဆည်းရမိရင် ကားတန်ဖိုးရဲ့တဝက်ကို ဆုကြေးအနေနဲ့ရမယ်လို့ စတဲ့အမျိုးမျိုးသောညွှန်ကြားချက်တွေကို ပေးခဲ့တယ်လို့ သိရပါတယ်။ **(MIZZIMA, 21.7.2009)**

## ဒေါ်စုတရားရုံးကြားနာမှုသက်တမ်းတိုး

ဇူလိုင် ၂၃ ရက်နေ့ကပြုလုပ်တဲ့ စစ်အုပ်စုက ဒီမိုကရေစီခေါင်းဆောင်ကို တရားစွဲဆိုတဲ့အမှုမှာ ဒေါ်စုရှေ့နေက အပြီးသတ်လျှောက်လဲချက်ပေးခဲ့ပြီးတဲ့နောက် အာဏာရှင်တွေဘက်က အပြီးသတ်လျှောက်လဲချက်ပေးဖို့ တရားခွင်ကို နောက်တပတ်သို့ရက်ချိန်းပေးလိုက်တယ်လို့ သိရပါတယ်။ တရားစစ်ဆေးမှုနဲ့ပတ်သက်ပြီး တော်တော့်ကိုမကျေမနပ်မိတယ်လို့ ဒေါ်စုပြောတဲ့အကြောင်းကို ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။ **(AP, 24.7.2009)**

## ဒုံးကျည်လုပ်နိုင်တဲ့စက်ပစ္စည်း

ဂျပန်ရဲတပ်ဖွဲ့က ဒုံးကျည်လုပ်ရာမှာသုံးလို့ရတဲ့ သတ္တုပစ္စည်းတွေ အချောကိုင်တဲ့စက်ကို ခွင့်ပြုချက်မရှိပဲ မြန်မာပြည်သို့တင်ပို့ခဲ့တဲ့ ဂျပန်မှာနေတဲ့ မြောက်ကိုရီးယားတဦးကိုဖမ်းဆီးလိုက်ပါတယ်။ လွန်ခဲ့တဲ့နှစ် နိုဝင်ဘာက နာဂိုယာကနေတဆင့်မြန်မာပြည်ကို အဲဒီစက်တင်ပို့ခဲ့တာဟာ မြောက်ကိုရီးယားရဲ့ညွှန်ကြားချက်အရဖြစ်နိုင်တယ်လို့ ဂျပန်ရဲက သံသယရှိနေပါတယ်။ **(NHK, 24.7.2009)**

## နာဂစ်ဒုက္ခသည်အကူအညီလိုဆဲ

လွန်ခဲ့တဲ့နှစ်မေလကတိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းဘေးသင့်ပြည်သူတွေထဲမှာ အခုတိုင် နေအိမ်အခက်အခဲနဲ့ကြုံနေရတဲ့သူတွေရှိနေပါသေးတယ်။ ကုလသမဂ္ဂရဲ့ ကယ်ဆယ်ရေးဆိုင်ရာအဖွဲ့က လူ ၄ သိန်းခွဲလောက်ဟာ နေစရာအိမ်မရှိဘူးဆိုတာကိုအတည်ပြုခဲ့ပါတယ်။ **(IRIN, 24.7.2009)**

## ငွေဖြင့်မြန်မာပြည်တိုးတက်စေအံ့

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတုအာရီဖာအာမန်က မြန်မာပြည်ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် စစ်အုပ်စုကို နိုင်ငံတကာအသိုင်းအဝိုင်းက ဖိအားပေးနေမယ့်အစား ပြည်သူတွေကိုဆင်းရဲတွင်းကနေကယ်တင်ဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးရန်ပုံငွေတခုထားပြီး လုပ်ဆောင်ဖို့ ပြောဆိုလိုက်ပါတယ်။ **(NEW STRAITS TIMES, 24.7.2009)**

## အကောင်းမြင်တဲ့ဒေါ်စုရှေ့နေ

စစ်အုပ်စုရဲ့ မတရားစွဲချက်တင်ကာ ရုံးတင်စစ်ဆေးနေတာတွေခံနေရတဲ့ ဒေါ် အောင်ဆန်းစုကြည်ဘက်ကနေ လိုက်ပါဆောင်ရွက်နေတဲ့ ရှေ့နေဦးကြည်ဝင်းက အပြီးသတ်လျှောက်လဲချက်မပေးခင်မှာ ဥပဒေရှုထောင့်ကြည့်ရင် ခိုင်မာတဲ့ လျှောက်လဲချက်တွေဖြစ်တဲ့အတွက် အခြေအနေကောင်းမယ်လို့ ဆိုပါတယ်။ သူက ဥပဒေက သူတို့ဘက်မှာရှိတယ်ဆိုတဲ့အကြောင်း၊ တရားသူကြီးတွေက သူတို့ဘက်မှာရှိ မရှိဆိုတာတော့ မသိကြောင်း ဆိုပါတယ်။ **(THE TELEGRAPH, 24.7.2009)**

## ညူကလီယားအကာအကွယ်

မြန်မာစစ်အာဏာရှင်တွေကို ညူကလီယားဆိုင်ရာနည်းပညာတွေ ထောက်ပံ့ပေးနေတဲ့ရုရှားက သူတို့ရဲ့လုပ်ကိုင်မှုတွေဟာ ညူကလီယားမပြန့်ပွားရေး စာချုပ်ဘောင်နဲ့အညီဖြစ်တယ်လို့ဆိုပါတယ်၊ မြောက်ကိုရီးယားနဲ့နအဖတို့ကြားက ညူကလီယားနဲ့ စစ်ရေးဆက်ဆံမှုတွေဟာ ဒေသတွင်းခြိမ်းခြောက်မှုတွေကို ဖြစ်စေတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့တဲ့နောက်ပိုင်း ရုရှားက တုံ့ပြန်ချက်ပေးလိုက်တာပါ။ **(RIA, 21.7.2009)**

# တာချီလိတ်မြို့တွင် လူ နှစ်ဦးကို အမည်မသိသေနတ်သမားတဦးက ပစ်သတ်

**DVB । ဂျူလိုင် ၂၀ ။** ။ ရှမ်းပြည်နယ်တာချီလိတ်မြို့မှာ မနေ့က နေ့ခင်းအချိန် လူသတ်မှုဖြစ်ပွားခဲ့ပါတယ်။ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်မှာနေတဲ့ ဦးလီရှောက်ဝေ (ခေါ်) ဦးစိုင်းလုံနဲ့ သူ့သား စိုင်းထွန်းလှတို့ကို မနေ့က နေ့ခင်း ၁ နာရီလောက်က နေအိမ်မှာ အမည်မသိ သေနတ်သမားတဦးက လာရောက်ပစ်သတ်သွားတာပါ။

အဖေဖြစ်သူက ဘယ်ဘက်ရင်အုံမှာထိပြီး သားက နောက်စေ့ကိုထိကာ နှစ်ယောက်စလုံး သေဆုံးသွားပါတယ်။ အခု ပုန်းထွန်ရပ်ကွက်မှာ စစ်တပ်က တပ်စုတစု ချထားတယ်လို့ မြို့ခံတဦးက ပြောပါတယ်။

“မနေ့က နယ်ထိန်းတွေရော၊ ပြည်သူ့ရဲတွေရော အပူတပြင်း လိုက်ရှာနေတယ်။ ဒီကောင်က လေးလမ်းကြားထဲကနေ လာတယ်၊ လေးလမ်းကြားထဲကနေပြန်ဝင်သွားတယ်။ အဖေကိုအရင်ပစ်တယ်၊ ပြီးမှ သားကိုပစ်တာ။ သားကိုပစ်တာ လမ်းကြားထဲကနေ ကိုက် ၃၅ ကိုက် အကွာလောက်ကနေပစ်တာ။ အဖေကိုကျတော့ အနီးကပ်ဝင်ပစ်တာ။ အဖေနဲ့သားက ထမင်းစားပြီး ထိုင်နေတာ၊ ပစ်ပြီးမှလမ်းလျှောက် ပြန်ထွက်သွားတာ၊ ဘောင်းဘီတို အကျႌအမည်းနဲ့။”

ဒီကိစ္စနဲ့ပတ်သက်ပြီး တာချီလိတ် ရဲစခန်းကို ဆက်သွယ်မေးမြန်းရာမှာတော့ သူတို့ကို ပစ္စတိုသေနတ် ၉ မမနဲ့ ပစ်သတ်သွားတာဖြစ်ပြီး ဘယ်သူ့လက်ချက်လဲဆိုတာ အခုထိစုံစမ်းနေဆဲဖြစ်တဲ့အတွက် ဘာအကြောင်း အရာတွေမှမပြောနိုင်သေးဘူးလို့ တာဝန်ရှိသူ တယောက်က ပြောပါတယ်။

“အဲဒါတွေက ကျနော်တို့ ကိုယ်တိုင်လည်းမသိသေးဘူး။ တရားခံပေါ်ဖို့ စုံစမ်းနေပါတယ်။” မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ အခုလို အသတ်ခံရတာဖြစ်နိုင်သလို ပြစ်သူတွေဟာ လက်နက်ကိုင်တပ်ကဖြစ်နိုင်တယ်လို့ သေဆုံးသူနဲ့နီးစပ်သူက ပြောပါတယ်။ “စရဖတို့ မူးယစ်ဆေးဌာနရဲတို့က မူးယစ်ဆေးနဲ့ပတ်သက်တယ်လို့ ပြောတာပဲ။ တော်ရုံ လူမှုရေးကိစ္စလောက်က လူသတ်စရာအကြောင်းမရှိဘူး။ ဒီ လူသတ်သမားကို ကြည့်ရတာ သွေးအေးတယ်။ တချက်စီပဲ ပစ်သွားတယ်။ ချက်ကောင်းတွေပဲ ပစ်သွားတာ။ ပစ္စတိုသေနတ်နဲ့ ကိုက် ၃၀၊ ၄၀ လောက်ကနေ လူတယောက်ရဲ့ခေါင်းကို ပစ်နိုင်ဖို့ဆိုတာ မလွယ်ဘူး။ သေသူရဲ့ သားမှန်းသိလို့ နောက်ထပ် ပစ်လိုက်တာ။ ဒီမြို့ပေါ်မှာ နေတဲ့သူ အနေနဲ့ သေနတ်ပစ်ဖို့ အချိန်ပေးရမယ်၊ နေရာပေးရမယ်ဆိုတော့ ဒီလောက် ကျွမ်းကျွမ်းကျင်ကျင် ပစ်နိုင်တယ်ဆိုတော့ အဖွဲ့စည်းနဲ့ပတ်သက်တဲ့လူလို့ ယူဆရတယ်။”

သူတို့ အလောင်းတွေကို မနေ့က တာချီလိတ်ဆေးရုံမှာ ခွဲစိတ် စစ်ဆေးခဲ့ပြီး ညနေ ၅ နာရီလောက်မှာ တာလော့ရပ်ကွက်ရှိ တရုတ်ဘုံကျောင်းကို ပြန်ရွှေ့လိုက်ပြီး မနက်ဖြန်မှာ သင်္ဂြိုဟ်မယ်လို့ သိရပါတယ်၊ သေဆုံးသူ ဦးလီရှောက်ဝေဟာ အသက် ၅၂ နှစ်ရှိပြီး စမ်းရေသောက် ရေသန့်ကုမ္ပဏီရဲ့ အစုရှယ်ယာဝင်တဦးဖြစ်ပါတယ်။ သား စိုင်းထွန်းလှဟာ အသက် ၂၉ နှစ်ရှိပြီး မကြာသေးခင်ကမှ အမေရိကန်ကနေ ပြန်လာသူဖြစ်တယ်လို့ သူ့တို့နဲ့ နီးစပ်တဲ့ တာချီလိတ်မြို့ခံတွေက ပြောပါတယ်။ သူတို့ဟာ ရှမ်းတရုတ် လူမျိုးတွေဖြစ်ပြီး သူတို့နေထိုင်ရာ ပုန်းထွန်ရပ်ကွက် အိမ်အမှတ် ၅၊ ၁၆ သုံးထပ်တိုက်အိမ်မှာ ပစ်သတ်ခံခဲ့ရတာပါ။ သူတို့ဟာ တာချီလိတ်မြို့မှာ ချမ်းသာသူ စာရင်းဝင်ပြီး လုပ်ငန်းက စမ်းရေ သောက်ရေသန့်မှာ အစုရှယ်ယာဝင်ထားတာပဲရှိတယ်လို့ တာချီလိတ်မြို့ခံတွေက ပြောပါတယ်။

“အဲဒီလုပ်ငန်းက ဘန်းပြပေါ့။ သူက လူချမ်းသာစာရင်းထဲမှာပါတယ်။ သူတို့သုံးနေတဲ့ ကားတွေကအစ ဒီအက်စ်ဒဗျူ ၀ ကားတွေ။” ဒီကိစ္စနဲ့ပတ်သက်ပြီး စမ်းရေသောက်ရေသန့်ကုမ္ပဏီကို ဆက်သွယ်ခဲ့ပေမယ့် ဖြေဆိုဖို့ငြင်းဆိုခဲ့သလို သူ့မိသားစုဝင်တွေကိုလည်း ဆက်သွယ်လို့ မရပါဘူး။

# အာဇာနည်နေ့ အကြောင်း ကျောင်းသားလူငယ်များ အသိနည်း

**DVB । ဂျူလိုင် ၁၈ ။** ။ ဇူလိုင်လ ၁၉ ရက်နေ့ မြန်မာနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင် ၉ ဦး မသမာသူတို့ ရဲ့လက်ချက်နဲ့ ကျဆုံးခဲ့တာ ၆၂ နှစ်ရှိသွားခဲ့ပါပြီ။

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာနည်ခေါင်းဆောင် ၉ ဦး မသမာသူ လူတစုရဲ့လက်ချက်ကြောင့် ကျဆုံးခဲ့တာ ဒီနှစ်ဆိုရင် နှစ် ၆၂ နှစ် တိုင်တိုင် ရှိခဲ့ပါပြီ၊ ဒါပေမယ့် ဒီနေ့ခေတ် ကျောင်းသားလူငယ်တွေဟာ အာဇာနည်နေ့နဲ့ပတ်သတ်ရင် သိရှိမှုနည်းတာဟာ ကျောင်းတွေမှာ သင်ကြားမှုမရှိတာကြောင့်ဖြစ်တယ်လို့ ‘ဂုံတက္ကသိုလ်ကျောင်းသူတဦးက ပြောပါတယ်။ အာဇာနည်နေ့မှာ တက္ကသိုလ်တွေ၊ ကျောင်းတွေမှာတော့ လုံခြုံရေးတွေ တိုးချလေ့ရှိတယ်လို့ အဲဒီကျောင်းသူက ဆိုပါတယ်။

“ကျောင်းတွေမှာ အာဇာနည်နေ့အကြောင်းကို ဆရာ၊ ဆရာမတွေ မပြောတော့ဘူး။ အာဇာနည်နေ့ဆိုတာ ကျောင်းတွေပိတ်ကြတယ်၊ ပြည်ထောင်စုနေ့လည်းပိတ်ကြတယ်၊ ကျောင်းသားအများစုက အာဇာနည်နေ့ဆိုတာ ဘာလဲလို့မသိတော့ဘူး။ အဲဒီနေ့မျိုးဆိုရင် အစောင့်တွေ ပိုချထားတယ်လို့သာ သတိထားမိကြတယ်။”

ရန်ကုန်မြို့က အထက်တန်းကျောင်းသားတဦးက အာဇာနည်နေ့ဆိုတာ ရုံးပိတ်ရက်တရက်လို့သာ သိတယ်လို့ပြောပါတယ်။ ဒါပေမယ့် ဆရာ ဆရာမတွေကိုယ်တိုင်ကလည်း အာဇာနည်နေ့နဲ့ ပတ်သက်ပြီး သင်ကြားမှု မရှိတော့ဘူးလို့ပြောပါတယ်။

“ကျနော်တို့ ကျောင်းသူ ကျောင်းသားတွေထဲမှာ အာဇာနည်နေ့အကြောင်းမပြောကြဘူးလေ။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာတော့ သိကြတယ်။ ဒေါ်အောင်ဆန်းစုကြည် အဖေလေ။”

ရန်ကုန်မြို့က ဆရာမတယောက်က ဗိုလ်ချုပ်အောင်ဆန်းနဲ့အာဇာနည်နေ့အကြောင်းတွေကို မသင်ရဘူးလို နိုင်ငံတော်ပညာရေးဌာနက တရားဝင်ထုပ်ပြန်ထားခြင်းမရှိပေမယ့် ဒီနေ့ခေတ် စာသင်ကျောင်းတွေမှာ သင်ကြားလေ့မရှိတော့ဘူးလို့ ပြောပါတယ်။ တကယ်လို့ သင်ကြားခဲ့ရင်လည်း ကိုယ့်တာဝန်ကိုယ်ယူရမယ်လို့ မြို့နယ်ပညာရေးမှူးတွေက မှာထားကြောင်း ပြောပါတယ်။ ဆရာမရဲ့ပြောပြချက်အရ သင်ရိုးညွှန်းတမ်းမှာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်နေ့သီးခြား အခမ်းအနားတွေ ပြုလုပ်ခွင့်မပေးပါဘူး။

အရင်က အာဇာနည်နေ့အကြောင်း စာစီစာကုံးပြိုင်ပွဲတွေ ပြုလုပ်ပေးပေမယ့် အခုမရှိတော့တဲ့အပြင် အာဇာနည်ဆိုတဲ့ ဝေါဟာရတောင် မသင်ကြားတော့ဘူးလို့ ပြောပါတယ်။ အာဇာနည်နေ့လို့ ခေါ်ဆိုတာဟာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းပြည်ခေါင်းဆောင်တွေ အတွင်းဝန်ရုံးမှာ စည်းဝေးတိုင်ပင်နေကြစဉ် မသမာသူလက်နက်ကိုင်လူတစုက အတွင်းဝန်ရုံးကို ဝင်ရောက်ပစ်ခတ်ခဲ့တာကြောင့် အာဇာနည် ၉ ဦး ကျဆုံးခဲ့ရပါတယ်။ မူလက အာဇာနည်နေ့ တွေမှာ တပြည်လုံး ဥသြဆွဲ၍ လည်းကောင်း၊ ရပ်ကွက်တွေတိုင်းမှာ ဆွမ်းသွပ်တရားတော်နာ လုပ်လေ့ရှိပေမယ့် ၁၉၈၈ ခုနှစ် စစ်အာဏာ သိမ်းပိုက်ပြီးနောက်ပိုင်း အထိမ်းအမှတ်အခမ်းအနားများကို စစ်အုပ်စုက ခွင့်မပြုတော့ပါဘူး။

# ဖရဲခင်းများ အဖျက်ခံရမယ့်အရေး တောင်သူများ စိုးရိမ်ပူပန်နေကြ

**DVB । ဇူလိုင် ၂၀ ။** ။ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်မှာ မယက က ဖရဲခင်းဧက ၂၀၀ လောက်ကို ၅ ရက်အတွင်း ဖျက်ခိုင်းနေတဲ့အတွက် ဖရဲစိုက်တောင်သူတွေ အခက်တွေ့နေရပါတယ်။

ဖရဲခင်းတွေ အဖျက်ခံရမယ့်အရေး ရင်ဆိုင်နေရတာကတော့ ဝမ်းတွင်းမြို့နယ် ညောင်ပင်သာအုပ်စု ဆည်ရွာက တောင်သူတွေဖြစ်ပါတယ်။ စီမံကိန်းသီးနှံတွေမစိုက်ဘဲ ဖရဲစိုက်တာကြောင့် အခုလိုဖျက်ခိုင်းတာလို့လည်း ဒေသခံတွေက ပြောပါတယ်။ ဒေသခံ တောင်သူတွေကို ဘယ်လိုစီမံကိန်းသီးနှံ စိုက်ရမယ်လို့ စစ်အုပ်စုက သေသေချာချာညွှန်ကြားထားတာ မရှိတာကြောင့် စားဝတ်နေရေးအဆင်ပြေနိုင်မယ့် ရာသီချိန် သီးနှံတွေကိုစိုက်တာဖြစ်တယ်လို့ ဆိုပါတယ်။ မနေ့က မယက ဥက္ကဋ္ဌက အစည်းအဝေးခေါ်ပြီး တောင်သူတွေရဲ့ ဖရဲခင်း ဧက ၂၀၀ ကျော်ကို ၅ ရက်အတွင်း ဖျက်ဖို့လက်မှတ်ထိုးခိုင်းတဲ့အကြောင်းကို တောင်သူတဦးက ပြောပါတယ်။

"တောင်သူတွေကို ဒီ ၅ ရက်အတွင်းကို အပြီးအပြတ် နှုတ်ပေးရမယ် ဖျက်ဆီးပေးရမယ်လို့ သူတို့က လက်မှတ်ထိုးခိုင်းတယ်။ တချို့တောင်သူတွေက ကြောက်တော့ လက်မှတ်ထိုးပေးနေရတယ်။ တောင်သူတွေက တရွာလုံးဆို ဦးရေ ၁၈၀ လောက်ရှိတယ်။ တဦးကို ၁ ဧကနဲ့တွက်ရင် ဧက ၁၈၀၊ ၂၀၀ လောက် ဖျက်ပေးရမယ်။ တဦးချင်းနဲ့ ၁ ဧကချင်းတွက်ရင်တော့ ၂ သိန်းကျော် ပျက်စီးမှာပေ့ါ။ ဖရဲနဲ့ဝါ တွဲစိုက်ထားတော့လည်း ဖရဲကို လက်မခံဘူးဖြစ်နေတယ်။"

အစည်းအဝေးမခေါ်ခင် စနေနေ့က မယကဥက္ကဋ္ဌကိုယ်တိုင် ဖရဲခင်းတွေ ထဲဆင်းပြီး ဖရဲခင်းတွေဖျက်ဆီးခဲ့တယ်လို့ အဲဒီတောင်သူက ပြောပါတယ်။

"သူကိုယ်တိုင်လည်း လာနှုတ်တယ်။ ၁၈ ရက်နေ့ ၁၀ နာရီလောက်မှာ လာတဲ့ ၈ ယောက်အုပ်စုထဲမှာ ကျနော်မြင်တဲ့တယောက်က ဓားရှည်ကြီးကိုင်ထားတယ်။ ဦးကျော်သူရရဲ့လက်ထဲမှာလည်း တုတ်တချောင်း မြင်တယ်၊ တောင်သူတွေက သူတို့နားကို မကပ်ရဲဘူး။ ဖရဲကို မနှုတ်ဖို့ပဲ ပြောတယ်၊ ဒေါ်ခင်သန်းသမီးဆိုရင် ငိုယိုပြီးတော့ကို ပြောတယ်၊ သူ ဖနောင့်နဲ့နင်းခြေဖျက်ဆီးသွားတယ်။ တောင်သူ ၇ ဦးရဲ့ဖရဲခင်းတွေ ဖျက်ဆီးသွားကြတယ်။"

အခုလို ဖရဲခင်းတွေ ဖျက်ခိုင်းတဲ့အတွက် တောင်သူတွေရဲ့ စိုက်ပျိုးရင်းနှီးစရိတ်တွေ ဆုံးရှုံးနစ်နာရတဲ့ အကြောင်းကိုလည်း အဲဒီ တောင်သူက အခုလို ပြောပြပါတယ်။

"မယက မဖျက်ဆီးရင်တော့ သူ့ဟာနဲ့သူ တန်းမိအောင် စိုက်ကြရတာပါပဲ။ စိုက်ပျိုးနိုင်အောင်က ဆေးဆိုင်တွေ၊ ကုမ္ပဏီတွေကနေပြီး အကြွေးစနစ်နဲ့ယူပြီး မျိုးစေ့တွေ၊ ဆေးတွေ အကြွေးယူရတယ်၊ သီးနှံပေါ်မှပြန်ဆပ်ရတယ်၊ တရားစွဲမယ်၊ ထောင်ချမယ်လို့ကြိမ်းဝါးပေမယ့် ကျနော်တို့တောင်သူတွေအနေနဲ့ နှုတ်မှာ မဟုတ်ဘူး။ သူဖျက်ရဲရင် သူ့ဟာသူ ဖျက်ပေ့ါ။ သူ တရားစွဲမယ်ဆိုလည်း တရွာလုံးပဲ။ ရယက ဥက္ကဋ္ဌကအစ တရားစွဲရမယ်၊ ရယကဥက္ကဋ္ဌလည်း ကိုယ်တိုင် စိုက်ထားတာပဲ" လို့ ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ဝမ်းတွင်းမြို့နယ် မယကရုံးကို ဆက်သွယ်မေးမြန်းရာမှာ မယကဥက္ကဋ္ဌ အလုပ်ကိစ္စနဲ့ရွာတရွာကို သွားတယ်လို့ ဖြေကြားပါတယ်။

# အာဆီယံလူ့အခွင့်အရေးအဖွဲ့ အားနည်း

**DVB । ဇူလိုင် ၂၀ ။** ။ အာဆီယံ လူ့အခွင့်အရေးအဖွဲ့ဟာ ဘယ်လိုလူ့အခွင့်အရေးချိုးဖောက်မှုကိုမှ အရေးယူနိုင်မှာ မဟုတ်ဘူးလို့ဝေဖန်ကြပါတယ်။

အခုအသစ် စတင်ဖွဲ့စည်းမယ့် ဒီလူ့အခွင့်အရေးအဖွဲ့ဟာ စစ်အုပ်စုကြီးစိုးနေတဲ့ မြန်မာပြည်က လူ့အခွင့်အရေးချိုးဖောက်မှုတွေအပါအဝင် ဘယ်လိုလူ့အခွင့်အရေးချိုးဖောက်မှုမျိုးကိုမှ ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အစွမ်းအစရှိမှာ မဟုတ်ပါဘူးလို့ လူ့အခွင့်အရေးအဖွဲ့တွေက သတိပေးပြောကြားပါတယ်။ မြန်မာအပါအဝင် အရှေ့တောင်အာရှ ၁၀ နိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေဟာ ထိုင်းနိုင်ငံ ဖူးခက်အပမ်းဖြေကမ်းခြေမှာတွေ့ဆုံစဉ် ASEAN Human Rights Body (AHRB) ဖွဲ့စည်းရေး သဘောတူလက်မှတ်ရေးထိုးကြပါတယ်။ မူကြမ်းရေးဆွဲထားချက်အရ ဒီအဖွဲ့ဟာ လူ့အခွင့်အရေးချိုးဖောက်တဲ့ ဘယ်သူ့ကိုမှ အရေးယူနိုင်ဖို့မမြင်ကြောင်းနဲ့ အဖွဲ့ဝင်နိုင်ငံ အစိုးရတွေရဲ့ လူ့အခွင့်အရေးအစီရင်ခံစာတွေအတွက်ပဲ အထောက်အပံ့ဖြစ်သွားလိမ့်မယ်လို့ အေအက်ဖ်ပီသတင်းမှာ သုံးသပ်ထားပါတယ်။

ဒီမူကြမ်းကို မပြင်ဆင်ဘူးဆိုရင်တော့ အာဆီယံဒေသတွင်းက ပြည်သူတွေကို ဘာလုံခြုံမှုမှ ပေးနိုင်မှာမဟုတ်သလို အာဆီယံအပေါ် ယုံကြည်စိတ်ချရမှုလည်း ကျဆင်းသွားမယ်လို့ ထိုင်းနိုင်ငံအခြေစိုက် အာရှလူ့အခွင့်အရေးဖွံ့ဖြိုးရေးအဖွဲ့က ဝေဖန်ပါတယ်။ အာဆီယံလူ့အခွင့်အရေး ပဋိညာဉ်စာတန်းဟာ လူ့အခွင့်အရေးချိုးဖောက်ခံရသူတွေကို အကာအကွယ်ပေးမထားဘဲ လူ့အခွင့်အရေးမြှင့်တင်ရေးဆိုတဲ့ကိစ္စကိုပဲ ဇောင်းပေးထားတယ်လို့ လေ့လာသူတွေက ပြစ်တင်ဝေဖန်ပါတယ်။ ဒီပဋိညာဉ်မှာပါတဲ့ အပိုဒ် ၁၄ ပိုဒ်ထဲမှာ ၁၀ ပိုဒ်လောက်က လူ့အခွင့်အရေးမြှင့်တင်ရေးဆိုတဲ့ ကိစ္စချည်းပဲ ဖြစ်နေတယ်လို့ဆိုပါတယ်။

ဒီအချက်ဟာ အဖွဲ့ဝင်တနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးမူကို ကိုင်စွဲထားတဲ့ အာဆီယံဟာ ဒီပုံအတိုင်း ရှေ့ဆက်မယ့်ပုံပေါ်နေတာကြောင့် နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော် ရှိနေတဲ့ မြန်မာပြည်က လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုလည်း အရေးယူနိုင်ဖို့ မမြင်ဘူးလို့ နိုင်ငံရေးအကဲခတ်တွေက သုံးသပ်ကြပါတယ်။ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့ဝန်ကြီးချုပ် အဘီဆစ်ဝေ့ချာချီဝ့ါ ကတော့ အာဆီယံလူ့အခွင့်အရေးအဖွဲ့ဟာ ကနဦးအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကနေ ကာကွယ်ရေးထက် လူ့အခွင့်အရေးမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်မှာပါလို့ ပြောကြားပါတယ်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖ စစ်အုပ်စုက ဖမ်းဆီးတရားစွဲထားမှုအပေါ် ပြစ်တင်ဝေဖန်ခဲ့တဲ့ ထိုင်းအစိုးရဟာ အာဆီယံထုံးစံကို မလိုက်နာဘဲ ပြည်တွင်းရေးကိုဝင်စွက်တယ်လို့ နအဖဘက်က တုံ့ပြန်ခဲ့ပါတယ်။

# ဒေါ်စုနှင့် သူ၏ရှေ့နေအဖွဲ့ တွေ့ခွင့်ရ

**DVB । ဇူလိုင် ၂၀ ။** ။ အင်းစိန်ထောင်မှာ ဖမ်းဆီးရုံးတင်ခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သူ့ရဲ့ရှေ့နေအဖွဲ့က ဒီနေ့ထပ်မံတွေ့ခွင့်ရကြောင်း သိရပါတယ်။

နေ့လည် ၂ နာရီခွဲမှ ၅ နာရီအထိ တွေ့ခွင့်ရခဲ့ပြီး လာမဲ့ ၂၄ ရက်၊ သောကြာနေ့မှာ ပြုလုပ်မယ့် အပြီးသတ် ကြားနာစစ်ဆေးမှုအတွက် ပြင်ဆင်ချက်တွေလုပ်ခဲ့တယ်လို့ ရှေ့နေတဦးဖြစ်သူဦးဉာဏ်ဝင်းက ပြောပါတယ်။

"အဓိကက ဖိုင်နယ်အတွက် ပြင်ဆင်တာပဲ၊ အာဇာနည်နေ့နဲ့ပတ်သက်ပြီး ကျနော်တို့က စားစရာတွေ၊ ကွေကာအုပ်တွေ ပို့ထားတယ်။ ထောင်ဆေးရုံမှာ အလှူလုပ်ချင်တာကို အဆင်ပြေတယ်ဆိုတော့ အလှူဒါန လုပ်ရတာပေ့ါ။"

သောကြာနေ့မတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်နဲ့ထပ်တွေ့ဖို့ ရှိမရှိ၊ ဒီအမှုကို ဘယ်လိုဖြစ်လာမယ်လို့ မျှော်လင့်ထားသလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဖိုင်နယ် အကြမ်းကို ရိုက်ပြီးတော့ အတည်ပြုချက်ယူဖို့ ကျနော်တို့ ခွင့်တောင်းထားတယ်။ ဥပဒေအရဆိုရင် စွဲဆိုတဲ့ပုဒ်မနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပြုလုပ်ဆောင်ရွက်မှု လုံးဝမညီဘူးလို့ ရိုးရိုးသားသား ဥပဒေရှုထောင့်က မြင်တာပဲ။ ဘယ်လိုဆုံးဖြတ်မလဲဆိုတာ တရားရုံးအပိုင်းပေ့ါ။"

အသက် ၆၄ နှစ်ရှိ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို မေ ၁၄ ရက်နေ့မှာ အာဏာပိုင်တွေက စတင်ဖမ်းဆီးပြီး အင်းစိန်ထောင်ထဲထည့် တရားစွဲဆိုနေတာဖြစ်ပါတယ်။ စွဲချက်တင်တဲ့ ပြစ်မှုက အမေရိကန်နိုင်ငံသားတဦး အင်းလျားကန်ကိုဖြတ်ရေကူးပြီး သူ့အိမ်ထဲ ခိုးဝင်တဲ့ကိစ္စဟာ နေအိမ်အကျယ်ချုပ်ကို ဖောက်ဖျက်မှုမြောက်တယ်ဆိုတဲ့အမှုဖြစ်ပြီး နောက်ဆုံးအဆင့်ကြားနာမှုကို ဒီလ ၂၄ ရက် သောကြာနေ့မှာ ပြုလုပ်ဖို့စစ်အုပ်စုက ပြောထားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် ဟီလာရီကလင်တန် တိုက်တွန်း

**DVB၊ ဂျူလိုင် ၂၂။** ။ အင်းစိန်ထောင်မှာ ဖမ်းဆီးခံနေရတဲ့ မြန်မာအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်မယ်ဆိုရင် စီးပွားရေး ရင်းနှီးမြှုပ်နှံမှုအပါအဝင် အမေရိကန်အစိုးရနဲ့ တိုးတက်တဲ့ဆက်ဆံရေးမျိုး နအဖအနေနဲ့ ရလာလိမ့်မယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ကမ်းလှမ်းလိုက်ပါတယ်။

ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေမှာကျင်းပနေတဲ့ အေအာအက်ဖ် အစည်းအဝေးမှာ အခုလိုပြောဆိုလိုက်တာဖြစ်ပြီး တကယ်လို့ မလွှတ်ပေးဘူးဆိုရင် နအဖကို အာဆီယံအဖွဲ့က ထုတ်ပယ်ရေးကို စဉ်းစားသင့်တယ်လို့ ဝန်ကြီးက သတိပေးခဲ့ပါတယ်။

“ကျမတို့ အမေရိကန်အစိုးရရဲ့ရှင်းလင်းတဲ့မူဝါဒက နအဖစစ်အုပ်စုရဲ့ အမူအကျင့်ဆိုးတွေ ပြောင်းလဲလာတာကို မြင်ချင်တာပဲဖြစ်ပါတယ်။ အဲဒီအထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေးလည်းပါဝင်တယ်” လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ အမေရိကန်နိုင်ငံသားတဦး ရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်အိမ်ထဲဝင်တဲ့ တိုက်ဆိုင်မှုကနေ ဒီလို တရားစွဲခံရတဲ့အပေါ် အထူးဝမ်းနည်းမိပါတယ်လို့ ဟီလာရီကလင်တန်က ပြောပါတယ်၊ အာဆီယံ ၁၀ နိုင်ငံနဲ့ အေအာအက်ဖ် ၁၇ နိုင်ငံက ခေါင်းဆောင်တွေနဲ့ အလွှတ်သဘော ဆွေးနွေးမှုအပြီးမှာ သတင်းထောက်တွေကို ခုလိုပြောကြားလိုက်တာပါ။ သတင်းစာရှင်းလင်းပွဲမလုပ်ခင် ဒီနေ့မနက်ပိုင်းနဲ့ မနေ့ကပြောဆိုချက်တွေထဲမှာ မြောက်ကိုရီးယားနဲ့နအဖစစ်အုပ်စုတို့အကြား နျူးကလီးယားနည်းပညာ လွှဲပြောင်းရယူနေမှုအပေါ် အမေရိကန်အစိုးရဘက်က စိုးရိမ်မှု ရှိနေတယ်ဆိုတဲ့အချက်ပါဝင်ပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးကလည်း ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ နအဖဝန်ကြီး ဦးဉာဏ်ဝင်းနဲ့တွေ့ဆုံစဉ် ပြောခဲ့တယ်လို့ ဂျပန်သံအရာရှိတွေက ပြောပါတယ်။ မလေးရှားဝန်ကြီးချုပ်က အာဆီယံက ထုတ်ပယ်ရေးအစား နအဖနဲ့ အသေအချာဆွေးနွေးချင်တယ်လို့ပြောပါတယ်။ ဒီပြောဆိုချက်တွေနဲ့ ပတ်သက်ပြီး ဦးဉာဏ်ဝင်းကို မေးမြန်းဖို့ သတင်းထောက်တွေက စောင့်နေပေမဲ့ အခုအချိန်အထိ သတင်းထောက်တွေကို ရှောင်နေဆဲလို့သိရပါတယ်။ အလားတူ တောင်းဆိုမှုကို အေအာအက်ဖ်အဖွဲ့ဝင်နိုင်ငံတခုဖြစ်တဲ့ အိန္ဒိယလွှတ်တော်အမတ်တွေကလည်း မနေ့က ပြုလုပ်လိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရေးဟာ ဒီမိုကရေစီထွန်းကားရေးရဲ့လမ်းစဖြစ်ကြောင်း၊ ဒီအတွက် အိန္ဒိယအစိုးရက မူဝါဒအသစ်ချပြီး ဆောင်ရွက်ဖို့လိုကြောင်း မြန်မာ့အရေးလှုပ်ရှားတဲ့ အိန္ဒိယလွှတ်တော်အမတ်တွေက ပြောပါတယ်။ ဒီအတောအတွင်း ဝါရှင်တန်ကနေ ဝင်လာတဲ့ အေပီသတင်းတပုဒ်မှာ ၂၀၀၃ ခုနှစ် ဒီပဲယင်း အရေးအခင်းပြီးကတည်းက ချမှတ်ထားတဲ့ နအဖအပေါ် စီးပွားရေးပိတ်ဆို့မှု ဥပဒေကို သက်တမ်းတနှစ် ထပ်တိုးဖို့ အမေရိကန်လွှတ်တော်က ကန့်ကွက်သူမရှိ မနေ့က မဲခွဲဆုံးဖြတ်လိုက်ကြောင်း သိရပါတယ်။

---

# ကလင်တန်နှင့်တွေ့ဆုံပွဲ စင်သီယာမောင်သွားခွင့်ရ

**DVB၊ ဂျူလိုင် ၂၂။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ ဖူးခက်က အေအာအက်ဖ် အစည်းအဝေးကို မသွားခင် ဒီနေ့မနက်ပိုင်းက ဘန်ကောက်မြို့မှာ ထိုင်းနိုင်ငံက ကျောင်းသားတွေ၊ လူမှုအထောက်အကူပြုအဖွဲ့တွေနဲ့ တွေ့ခဲ့ပါတယ်။

တွေ့သူတွေအထဲမှာ မဲဆောက်ရှိ မယ်တော်ဆေးခန်းက ဒေါက်တာစင်သီယာမောင်လည်း ပါဝင်ခဲ့ပါတယ်။ တွေ့ဆုံပွဲအခြေအနေနဲ့ ပတ်သက်ပြီး ဒေါက်တာစင်သီယာမောင်က ဟီလာရီ ကလင်တန်နဲ့ သီးသန့်တွေ့ဆုံ တင်ပြခွင့် မရခဲ့ဘူးလို့ ပြောပါတယ်။ တွေ့ဆုံပွဲအတွင်း မြန်မာ့အရေးနဲ့ပတ်သက်ပြီး ဟီလာရီကလင်တန် ပြောခဲ့တာတွေကို ဒေါက်တာစင်သီယာမောင်က ပြောပါတယ်။

“မြောက်ကိုရီးယားနဲ့ မြန်မာ နျူကလီးယားလက်နက်တွေ ရောင်းချနေတဲ့ အစီအစဉ်တွေ၊ ဆက်စပ်နေတဲ့ အစီအစဉ်တွေကို သတိပြုရမယ်ဆိုတာရယ်၊ နောက် ထိုင်းနိုင်ငံနဲ့ ဒီကိစ္စအတွက်ကိုလည်း ထိုင်းနိုင်ငံနဲ့ နီးနီးစပ်စပ် ပိုပြီး ဆောင်ရွက်သွားဖို့ လိုအပ်တယ်၊ တရုတ်အနေနဲ့ မြောက်ကိုရီးယားနဲ့ နီးစပ်တဲ့အပေါ်မှာ တရုတ်နဲ့လည်း မြောက်ကိုရီးယား နျူကလီးယားကိစ္စကို ထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်သွားရမယ် ဆိုတဲ့ ကိစ္စမျိုးပေါ့၊ အဓိက ကတော့ မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးအပေါ်မှာ ပိုပြီးတော့ အာရုံစိုက်လာတာပေါ့။ လက်ရှိ နအဖရဲ့ပိုဆိုးဝါးလာတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် အရှေ့တောင်အာရှနိုင်ငံတွေအားလုံး တာဝန်ရှိမှုနဲ့ ဒီအမေရိကန်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ့် ကိစ္စမျိုးတွေ ပြောသွားပါတယ်။။”

“အကယ်၍ ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ဘဲထားမယ်ဆိုရင် အရှေ့တောင်အာရှ နိုင်ငံတွေအနေနဲ့ ဒီ နအဖကို အာဆီယံအဖွဲ့ဝင်အနေနဲ့ ဖယ်ထုတ်ဖို့ကြိုးစားမလား ဆိုတာမျိုးကို သည်နေ့ရှင်း သတင်းစာအဖွဲ့ကမေးတော့ သူ ဒီကိစ္စနဲ့ပတ်သက်လို့ အလေးအနက် စဉ်းစားဆောင်ရွက်မယ့် ကိစ္စဖြစ်ပြီး နိုင်ငံရေးလွတ်လပ်ခွင့်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ကြိုးစားဆောင်ရွက်သွားဖို့ လိုအပ်တယ် ဆိုတာမျိုး ပြောသွားတယ်။”

---

# ဂျပန်–မြန်မာနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသီးခြားတွေ့ဆုံ

**RFA၊ ဂျူလိုင် ၂၂။** ။ ထိုင်းနိုင်ငံ၊ ဖူးခက် အပန်းဖြေကျွန်းမှာကျင်းပနေတဲ့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးပွဲကိုတက်ရောက်လာတဲ့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟာ ဒီကနေ့မနက်ပိုင်းမှာ မြန်မာနိုင်ငံခြားရေးဝန်ကြီးနဲ့သီးခြားတွေ့ဆုံ ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စ ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်အောင် စစ်အစိုးရကို အပြုသဘော ဆက်ဆံရေးနည်းလမ်းနဲ့ဘဲ ဂျပန်အစိုးရဘက်က ကြိုးစားတိုက်တွန်းသွားမှာဖြစ်တယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောခွင့်ရပုဂ္ဂိုလ် Kazuo Kodama က ဆွေးနွေးပွဲအပြီးကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာပြောပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂ၊ အာဆီယံ စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တာကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ စိုးရိမ်ပူပန်ချက်တွေ၊ ဆွေးနွေးတင်ပြချက်တွေကို စစ်အစိုးရဘက်ကလည်း လေးလေးနက်နက်တုန့်ပြန်ဘို့ လိုပါတယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောခွင့်က သတင်းထောက်တွေကိုပြောပါတယ်။

ပြီးခဲ့တဲ့ သတင်းပတ်တွေအတွင်း ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ကမ္ဘာ့စက်မှုထိပ်သီး ဂျီ၈နိုင်ငံရဲ့သဘောထား ကြေညာချက်အတိုင်းဘဲ ဂျပန်အစိုးရအနေနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ကို ကြိုဆိုပါတယ်။ မြန်မာ့အရေးကို မစ္စတာဘန်ကီမွန်းကိုယ်တိုင် ဦးဆောင်ပြီး ကြားဝင်ဆောင်ရွက်နေတာကို ဂျပန်အစိုးရက အပြည့်အဝထောက်ခံထားပါတယ်။

အတွင်းရေးမှူးချုပ်အနေနဲ့ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံပြီး နိုင်ငံတကာရဲ့စိုးရိမ်ပူပန်ချက်တွေကို ပြောဆိုခဲ့တာကို အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် မစ္စတာဘန်ကီမွန်းကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်မပေးတဲ့အပေါ်မှာ စစ်အစိုးရက နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့အကြောင်း ပြသဘို့ အခွင့်အရေးဆုံးရှုံးခဲ့တာဖြစ်တယ်လို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသွားတာပါ။

ဂျပန်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးဘို့ စစ်အစိုးရကို ဆက်လက်တိုက်တွန်းသွားမှာဖြစ်တယ်လို့လည်း သူကပြောပါတယ်။ ဒ့ါအပြင် စစ်အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ထိန်းသိမ်းထားမယ်ဆိုရင် ၂၀၁၀ မှာကျင်းပမယ့် ရွေးကောက်ပွဲဟာ စစ်မှန်တဲ့ရွေးကောက်ပွဲ ဖြစ်လာမှာမဟုတ်ဘူးလို့ ဂျပန်အစိုးရအနေနဲ့ ယုံကြည်ထားတဲ့အကြောင်းလည်း ပြောပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အစည်းအဝေးက ထုတ်ပြန်လိုက်တဲ့ ကြေညာချက်ကိုလည်း ဂျပန်အစိုးရအနေနဲ့ ကြိုဆိုတဲ့အကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ပြောသွားပါတယ်။

# အိန္ဒိယက ဒေါ်စုကို လွှတ်ရန်တောင်းဆို

**DVB ၊ ဂျူလိုင် ၂၂ ။** ။ မြန်မာ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးဖို့ မြန်မာအရေးဆောင်ရွက်နေတဲ့ အိန္ဒိယပါလီမာန်အမတ်များအဖွဲ့ IPFDB က အခမ်းအနားတရပ်လုပ်ပြီး ကြေညာချက်ထုတ် တောင်းဆိုလိုက်ပါတယ်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့က အခြေခံဥပဒေခန်းမမှာပြုလုပ်တဲ့ အခမ်းအနားက ထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာ မြန်မာဒီမိုကရေစီ အပြောင်းအလဲအတွက် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ မြန်မာပြည်သူတွေဘက်ကနေ ထောက်ခံရပ်တည်သွားမယ်လို့ ရေးသားထားပါတယ်။ အိန္ဒိယနိုင်ငံကချီးမြှင့်တဲ့ ဂျဝါဟာလာ နေရူးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဖမ်းဆီးထားတဲ့အတွက် ဝမ်းနည်းမိကြောင်း ဖော်ပြထားပါတယ်။ အိန္ဒိယမှာ နေထိုင်ပညာသင်သွားတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ အိန္ဒိယနိုင်ငံရဲ့ကူညီထောက်ခံမှုကို မျှော်လင့်နေမှာဖြစ်လို့ အဲ့ဒီအချက်ကို အိန္ဒိယအစိုးရအနေနဲ့ သစ္စာမဖောက်သင့်ဘူးလို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

မြန်မာ့ဒီမိုကရေစီရေးအတွက် အိန္ဒိယနိုင်ငံက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ဖို့တောင်းဆိုထားပြီး ကြေညာချက်ကို အိန္ဒိယ အထက်အောက်လွှတ်တော် ၂ ရပ်စလုံးက အမတ်အများအပြားလက်မှတ်ထိုးထောက်ခံထားတာကိုလည်း တွေ့ရပါတယ်။ ကြေညာချက်ထုတ်တဲ့ အခမ်းအနားကို ဦးဆောင်သူ မြန်မာအရေးဆောင်ရွက်နေတဲ့ အိန္ဒိယပါလီမာန်အမတ်များအဖွဲ့ IPFDB ရဲ့ ညှိနှိုင်းဆောင်ရွက်ရေးတာဝန်ခံ အိန္ဒိယအထက်လွှတ်တော်အမတ် ရှရပ်ဂျိုရှိက နိုင်ငံတကာက လွှတ်တော်အမတ်တွေကိုလည်း စည်းရုံးသွားမယ်လို့ ပြောကြားသွားပါတယ်။

"ကျနော်တို့အနေနဲ့ အရင်ဆုံးအိန္ဒိယမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်လုပ်ရမယ်။ မြန်မာပြည်သူတွေအစား ကျနော်တို့က ဒီမှာ ပိုတိုးတက်အောင်ဆောင်ရွက်ရမယ်။ နိုင်ငံတကာက လွှတ်တော်အမတ်တွေကို စည်းရုံးသွားရပါမယ်လို့ပြောဆိုသွားတာပါ။"

အိန္ဒိယကွန်မြူနစ်ပါတီ CPI ရဲ့ အတွင်းရေးမှူး အထက်လွှတ်တော်အမတ် ရှရီဒီရာဂျာက မြန်မာ့ဒီမိုကရေစီအရေးကို အိန္ဒိယကွန်မြူနစ်ပါတီက အပြည့်အဝ ထောက်ခံကြောင်း ပြောသွားပါတယ်။

"ကျနော်တို့ ပါတီက မြန်မာပြည်သူတွေနဲ့ သွေးစည်းညီညွတ်မှု အပြည့်ရှိပါတယ်။ မြန်မာပြည်သူတွေ ဒီမိုကရေစီတိုက်ပွဲအောင်မြင်ဖို့ ဆန္ဒပြုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အချုပ်အနှောင်ကလွတ်မြောက်ပြီး မြန်မာစစ်အုပ်စုနဲ့ကြိုတင်ကန့်သတ်ချက်မပါတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်နိုင်ပါစေ၊ တိုင်းပြည်နိုင်ငံရေးတာဝန်တွေ ယူနိုင်ပါစေလို့ ဆုတောင်းပါတယ်။"

အခမ်းအနားကို အိန္ဒိယအထက်အောက် လွှတ်တော်အမတ်တွေ၊ နိုင်ငံရေးသမားတွေနဲ့ မြန်မာ့ ဒီမိုကရေစီအင်အားစုတွေ တက်ရောက်ကြပါတယ်။

## ပြက္ခဒိန်မှ

**ဂျူလိုင် ၂၃ ၊ Mizzima ။ ။** မြန်မာသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလွှတ်ရန်နှင့် ဒီမိုကရေစီဘက်ဦးတည်ရန် ကမ္ဘာ့တောင်းဆိုချက်များကို လက်ခံလိုက်နာမည်ဟု အာဆီယံနှင့် ၎င်း၏ဆွေးနွေးဖက်များမှ မျှော်လင့်လိုလားကြောင်း။

**ဂျူလိုင် ၂၃ ၊ Malay Star ။ ။** မြန်မာအား အာဆီယံမှထုတ်ပယ်သင့်မသင့်သည် အာဆီယံ၏ဆုံးဖြတ်ချက်အပေါ်သာမူတည်ကြောင်း အမေရိကန်နိုင်ငံခြားရေးတာဝန်ခံမှဆို၏

**ဂျူလိုင် ၂၃ ၊ Bernama ။ ။** နိုင်ငံရေးအကျဉ်းသားများလွှတ်ရန်သာ တောင်းဆိုမနေဘဲ မြန်မာတိုးတက်ရေးရံပုံငွေအဖွဲ့ ဖွဲ့၍ ဒီမိုကရေစီဦးတည်ကာ နအဖစစ်အုပ်စုနှင့် တိုက်ရိုက်ဆက်ဆံရန် မလေးရှားမှ အာဆီယံဒေသဆွေးနွေးပွဲ (ARF) သို့ တင်ပြ၏။

# မြန်မာတွင် လူတုပ်ကွေး ၂ ဦး ထပ်တွေ့

**DVB ၊ ဂျူလိုင် ၂၄ ။** ။ ကမ္ဘာ့အနှံ့ ကူးစက်ပြန့်ပွားနေတဲ့ လူတုပ်ကွေးရောဂါကူးစက်ခံရသူ ၂ ဦး မြန်မာနိုင်ငံမှာ ထပ်တိုးလာတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကူးစက်ခံရသူ ၂ ဦးထပ်တိုးလာလို့ စုစုပေါင်း ၆ ဦးရှိသွားပြီဖြစ်ပြီး၊ ၃ ဦးကတော့ သက်သာလို့ ဆေးရုံကဆင်းသွားပြီလို့ ဒီနေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။ နောက်ဆုံး ကူးစက်ခံရသူ ၂ ဦးက ဩစတြေးလျားနိုင်ငံကပြန်လာတဲ့ အသက် ၄၂ နှစ်အရွယ် အမျိုးသားဖြစ်ပြီး နောက်တဦးက အသက် ၃ နှစ်ခွဲအရွယ် သူ့ရဲ့သမီးငယ်ဖြစ်ပါတယ်။ ကူးစက်ခံရသူ အမျိုးသားဟာ ဒီလ ၁၆ ရက်နေ့က ထိုင်းနိုင်ငံကတဆင့် ထိုင်းလေကြောင်းလိုင်းနဲ့မြန်မာပြည်ကို ပြန်လာတာဖြစ်ပြီး တပတ်အကြာမှာ နေမကောင်းဖြစ်ကာ ဒီရောဂါပိုးကို တွေ့ရှိခဲ့တာပါ။

သူ့ဆီမှာ H1N1 ရောဂါပိုး တွေ့ရှိပြီးတဲ့နောက် သူနဲ့အတူနေတဲ့ မိသားစုဝင် ၅ ဦးကိုလည်း နေအိမ်တွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေရာမှာ သမီးငယ်ပါ နေမကောင်းဖြစ်ပြီး ဆေးစစ်ရာ လူတုပ်ကွေးရောဂါ ကူးစက်ခံထားရတယ်ဆိုတာသိခဲ့ရတာပါ။ ကလေးကို ရန်ကုန် ကလေးဆေးရုံကြီး သီးသန့်လူနာဆောင်မှာ ကုသပေးနေပြီး ကလေးရဲ့ဖခင်ကို ဝေဘာဂီ အထူးကုဆေးရုံကြီးမှာ ကုသပေးနေတာဖြစ်ပါတယ်။ သူနဲ့အတူ လေယာဉ်တစီးတည်း ပြန်လာတဲ့ ခရီးသည် ၂၄၆ ဦးကို သက်ဆိုင်ရာမှ လူတုပ်ကွေးရောဂါလက္ခဏာ ရှိမရှိ စောင့်ကြည့်စစ်ဆေးမှုတွေပြုလုပ်နေတယ်လို့ ဖော်ပြထားပါတယ်။ လူတုပ်ကွေးရောဂါးပိုး ကူးစက်ခံရသူတွေဟာ ပြည်ပက လေကြောင်းနဲ့ ပြန်လာသူတွေ ဖြစ်ပြီး ပထမဆုံး ကူးစက်ခံရသူက စင်္ကာပူနိုင်ငံကပြန်လာတဲ့ အသက် ၁၃ နှစ်အရွယ် မိန်းကလေးဖြစ်ပါတယ်။

H1N1 ရောဂါပြန့်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ လေဆိပ်နဲ့ နယ်စပ်ထွက်ပေါက် ဝင်ပေါက်တွေမှာ ကျန်းမာရေးစစ်ဆေးမှုတွေကို အဖြစ်သဘောသာ လုပ်နေပြီး ထိရောက်မှု မရှိဘူးလို့ တချို့ကပြောပါတယ်၊ မြန်မာနိုင်ငံမှာ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ လူနဲ့ ပညာတတ်တဲ့ လူလောက်ပဲသိနိုင်ပါတယ်။ သာမန်အရပ်သားတွေအနေနဲ့ မသိတဲ့သူက တော်တော်များပြီး၊ စားဝတ်နေရေးပဲ လုံးပန်းနေရတာတော့ ကျန်တဲ့ ဗဟုသုတလေ့လာတဲ့ အပိုင်းမှာတော့ အချိန်မပေးနိုင်ကြပါဘူး။ ပညာပေးတွေ၊ ကြိုတင်ကာကွယ်ရေးတွေသိဖို့၊ နှိုးဆော်ဖို့ ဒီမှာ အများကြီး လိုနေသေးကြောင်း သိရပါတယ်။

# နအဖကမ္ဘာနဲ့ထိတွေ့ဆက်ဆံလိုတဲ့လက္ခဏာမျိုးမြင်ရ

**BBC ၊ ဂျူလိုင် ၂၄ ။** ။ ကမ္ဘာ့ကုလသမဂ္ဂက မြောက်ကိုရီးယားနိုင်ငံအပေါ် တိုး မြှင့်အရေးယူဘို့ ချမှတ်လိုက်တဲ့ဆုံးဖြတ်ချက်အမှတ် ၁၈၇၄ ကို မြန်မာနိုင်ငံက လိုက်နာမယ်လို့ကတိပြုခဲ့တာဟာ မြန်မာအစိုးရအနေနဲ့ ကမ္ဘာနဲ့ထိတွေ့ဆက်ဆံချင်တဲ့ လက္ခဏာမျိုး ပြသဘို့ကြိုးပမ်းတာဖြစ်နိုင်တယ်လို့ ယုံကြည်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့လည်း အာဏာလက်လွှတ်သွားတဲ့အခါ လက်ရှိအစိုးရခေါင်းဆောင်တွေကို နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံးကို တင်နိုင်တယ်ဆိုတဲ့ မြန်မာအစိုးရရဲ့ စိုးရိမ်မှုတွေနဲ့ပတ်သက်ပြီး အပြန်အလှန်နားလည်မှုရအောင် ဆောင်ရွက်ပေးချင်တဲ့ ဆန္ဒမျိုးတွေရှိနေတာကို တွေ့ရကြောင်း အာဆီယံဒေသဆိုင်ရာညီလာခံ ARF မှာ တက်ရောက်နေစဉ်အတွင်း မစ္စစ်ကလင်တန်က ပြောပါတယ်။

အခုအခါ မြန်မာအစိုးရက တရားစွဲဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးဘို့အတွက် ညီလာခံတက်ရောက်လာတဲ့ နိုင်ငံအသီးသီးက ဝိုင်းဝန်းတောင်းဆိုနေကြကြောင်းလည်း သူကပြောပါတယ်။ မြန်မာအစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးမယ်ဆိုရင် ဒါကို အမေရိကန်အစိုးရက အလွန်ကောင်းမွန်တဲ့ တိုးတက်မှုလက္ခဏာအဖြစ် ယူဆမှာဖြစ်ပြီး ဒီအတွက် တုန့်ပြန်မယ့် အစီအစဉ်အဆင့်ဆင့်ကိုလည်း စဉ်းစားထားတာရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက BBC နဲ့သီးသန့်တွေ့ဆုံမေးမြန်းစဉ်မှာ ပြောကြားလိုက်ပါတယ်။

# ဝေးလံသည့် ထောင်များမှ ၈၈မျိုးဆက်များကို ထောင်ဝင်စာပုံမှန် မတွေ့နိုင်

**DVB | ဂျူလိုင် ၂၂။** ။ နိုင်ငံရေးအကျဉ်းသားတွေကို မိသားစုနဲ့ဝေးတဲ့ ထောင်တွေဆီ ပို့ထားလို့ ကျန်မိသားစုဝင်တွေအနေနဲ့ ပုံမှန်ထောင်ဝင်စာမတွေ့နိုင်သလို၊ တချို့ကလည်း ဝေးဝေးလံလံသွားရပြီးမှ ထောင်ဝင်စာတွေ့ခွင့်မရတဲ့ အခြေအနေ ရှိနေပါတယ်။

နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရပြီး ဝေးလံတဲ့ထောင်တွေဆီ အပို့ခံထားရတဲ့ ၈၈ မျိုးဆက် ကျောင်းသားတွေကို မိသားစုဝင်တွေက ထောင်ဝင်စာ ပုံမှန်တွေ့နိုင်ခြင်း မရှိပါဘူး။ ထောင်ဒဏ် ၆၅ နှစ် ချမှတ်ခံထားရတဲ့ အသက် ၃၂ နှစ်အရွယ် ၈၈ မျိုးဆက်ကျောင်းသား ကိုပဏ္ဍိတ်ထွန်းကို မိသားစုက ဖန်းမော်ထောင်ကို ထောင်ဝင်စာသွားမတွေ့နိုင်တာ ၂ လလောက်ရှိနေပြီး ဒါနဲ့ပတ်သက်လို့ ကိုပဏ္ဍိတ်ထွန်းရဲ့ မိခင် ဒေါ်ညွန့်ညွန့်ဦး ပြောပြပါတယ်။

"၅ လပိုင်းကုန်လောက်က သွားထားပြီးနောက် အခုထိ တခါမှမသွားရသေးဘူး။ ပိုက်ဆံ အရမ်းကုန်တယ်။ အန်တီက ခါးခွဲထားရတော့ လေယာဥ်နဲ့သွားရတာ။ မြန်မာ့လေကြောင်းက မှောင်ခိုပေးရတာ ၈ သောင်းပေါ့။ ဦးတေဇလေယာဥ်စီးမယ်ဆိုရင် ၁ သိန်း ၂ သောင်း၊ ပဏ္ဍိတ်ကို တသိန်းပေးခဲ့ရတယ်၊ သူ့အတွက်ဝယ်တာ တခေါက်ကို ၄– ၅ သိန်းကုန်တယ်ဆိုတော့ တလတခါသွားဖို့ အိပ်မက်တောင် မမက်နိုင်ဘူး။ ၃ လလောက်ကြာမှ ထပ်သွားဖို့ ပိုက်ဆံပြန်စုမိတယ်။ တလတခါသွားချင်ပါတယ်။ ကြားထဲက သွားတဲ့လူတွေရှိရင်တော့ နေကောင်းလား၊ အစားအသောက် လူကြုံပေးပေါ့။ ဒါပေမယ့် ပဏ္ဍိတ်ထွန်းနေမကောင်းဘူးဆိုရင် ငွေကိုမကြည့်တော့ဘူး၊ ရှိတာရောင်းပြီးတော့ ထပြေးရမှာပဲ။"

ရှေ့လ ဩဂုတ် ၇ ရက်နေ့မှာ တခြားနိုင်ငံရေး အကျဉ်းသားမိသားစုဝင်တွေနဲ့ ချိန်းပြီး အတူတူသွားဖို့စီစဥ်နေတယ်လို့ ဒေါ်ညွန့်ညွန့်ဦး က ပြောပြပါတယ်။

"အခုတော့ လေယာဥ်နဲ့ မသွားနိုင်ဘူး။ ကိုအောင်သိန်းလွင် အဖေအမေရယ်၊ ရှိန်းရာဇာအမေရယ်။ အန်တီရယ် မိသားစုချင်းတွေအတူတူ ဒီကနေရထားနဲ့သွားမယ်။ မန္တလေးရောက်ရင် ဖန်းမော်ကို ရေဝတီ မြစ်ကြောင်းအတိုင်း ဆန်ထွက်တဲ့ ရွှေကိန္နရီဆိုတဲ့ သင်္ဘောကြီးနဲ့သွားမယ်။ ရန်ကုန်ကနေ ၇ ရက်နေ့ ၁၂ နာရီလောက်ထွက်ရမှာ မန္တလေးကို နောက်တနေ့ မနက် ၃ နာရီခွဲမှာရောက်မယ်။ သင်္ဘောဆိုတာ အစုန်တောင်မှ ၁ ရက်နဲ့ ၁ ညစုန်လာတာ၊ အဆန်ဆိုရင် ပိုကြာမှာပေါ့၊ ဘယ်နေ့ရောက်မှန်း မသိဘူးလေ ဝေးလွန်းတယ်။"

တော်တော်လေးကြာမှတခါ ထောင်ဝင်စာသွားတွေ့ရတဲ့အပေါ်ကိုလည်း ဒေါ်ညွန့်ညွန့်ဦးက ပြောပါတယ်။

"စိတ်မကောင်းဘူးပေါ့၊ ဒါကတော့ အင်းစိန်ထောင်မှာဆို တပတ်တခါတွေ့လို့ရတယ်။ အပင်ပန်းခံ၊ ငွေကုန်ခံ၊ ခါးနာခံပြီး အတင်းကြီးကို ၁ လတခါ တက်လာရင် သားသမီးက စိတ်မကောင်းဖြစ်အုံးမှာ အမေမလာပါနဲ့လို့ ပြောပြောနေတာ။ သူ့ကျန်းမာရေးက အခုနောက်ပိုင်းကောင်းပါတယ်။ ကြာလာရင်တော့ တမျိုးပေါ့၊ စိတ်ဓါတ်လည်းကြံ့ခိုင်ပါတယ်။ ပထမတခါ အသက် ၂၀ ထောင်ကျကတည်းက ထောင်ထဲကအကြောင်း ပြောတဲ့ကလေး မဟုတ်ဘူး။ အဆင်ပြေပါတယ် အမေ၊ ကောင်းပါတယ် အမေ၊ အမေသားကို မပူပါနဲ့ ဘာမဖြစ်ဘူး အဲ့လိုပဲ ပြောတာ။"

၈၈ မျိုးဆက် ကျောင်းသား ၃၇ ယောက်အုပ်စုကို နှစ်ရှည်ထောင်ဒဏ်ချမှတ်ခဲ့ပြီး တနေရာစီပို့ထားတဲ့အတွက် ဝေးလံတဲ့ထောင်တွေဆီရောက်နေတဲ့ မိသားစုဝင်တွေအဖို့ လစဥ်မတွေ့နိုင်ဘူးလို့ ကိုပဏ္ဍိတ်ထွန်းရဲ့ မိခင်က ပြောပြပါတယ်။ လွိုင်ကော်ထောင်က ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြအေးကို ထောင်ဝင်စာသွားတွေ့ရမှာ ထောင်အာဏာပိုင်တွေက မိသားစုဝင်တွေကို တွေ့ခွင့်မပေးခဲ့တာဟာ လန်ဒန်မှာနေတဲ့ ကိုမြအေးရဲ့သမီးက သတင်းဌာနတွေနဲ့အမေးအဖြေလုပ်တာကြောင့် ဖြစ်နိုင်တယ်လို့ မိသားစုဝင်တွေက ယူဆနေကြပါတယ်။

# မြန်မာနှင့်မြောက်ကိုရီးယားစစ်ရေးဆက်သွယ်မှုအာရုံစိုက်ဘို့ ကလင်တန်ပြောဆို

**NEJ | ဂျူလိုင် ၂၂။** ။ မြန်မာနှင့်မြောက်ကိုရီးယားအကြား စစ်ရေးဆက်နွယ်မှုကြီးထွားလာခြင်းကို အလေးအနက်ထား အာရုံစိုက်သင့်ကြောင်း အာဆီယံဒေသတွင်း လုံခြုံရေးအစည်းအဝေး ARF သို့ တက်ရောက်လာသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်က ပြောကြားလိုက်ပါတယ်။

ယမန်နေ့က ထိုင်းဝန်ကြီးချုပ်မစ္စတာအဘီဆစ်နဲ့တွေ့ဆုံအပြီး သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ရာတွင် မစ္စစ်ကလင်တန်က မြန်မာနှင့်မြောက်ကိုရီးယားအရေးကို အလေးထားပြောဆိုသွားခြင်း ဖြစ်ပါတယ်။ "၂၄ နှစ်ကြာ ရပ်နားထားခဲ့တဲ့ မြန်မာနဲ့မြောက်ကိုရီးယားဆက်ဆံရေးဟာ ၂၀၀၇ ခုနှစ်မှာ ပြန်လည်စတင်လိုက်တဲ့အတွက် အရှေ့တောင်အာရှရဲ့ လုံခြုံရေးအခြေအနေတွေကို တည်ငြိမ်မှုကင်းမဲ့လာစေတယ်။"လို့ သတင်းထောက်တွေကို မစ္စစ်ကလင်တန်ကပြောကြားခဲ့ကြောင်း AFP သတင်းမှာဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ လအတွင်း အမေရိကန်ဖျက်သင်္ဘောတစီး နောက်ယောင်ခံလိုက်ခဲ့ရတဲ့ စစ်လက်နက်ပစ္စည်းများ တင်ဆောင်လာတယ်လို့ သံသယဖြစ်ဖွယ် မြောက်ကိုရီးယားသင်္ဘောတစီး မြန်မာနိုင်ငံဘက် ဦးတည်ခုတ်မောင်းနေရာမှ ပြန်လှည့်ခဲ့တဲ့အတွက် မြန်မာနှင့်မြောက်ကိုရီးယားစစ်ရေး ဆက်စပ်မှုအခြေအနေမှာ ဒေသတွင်းနိုင်ငံများအကြား စောင့်ကြည့်ရမည့် အခြေအနေဖြစ်လာပါတယ်။

မစ္စကလင်တန်သည် မြန်မာစစ်အစိုးရနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်အပြင် မြန်မာ့နိုင်ငံရေးအခြေအနေများကိုလည်း ပြောကြားခဲ့ပါတယ်။ မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုနေတဲ့အတွက် အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံဆိုင်ရာမူဝါဒချမှတ်ရန် ဆိုင်းငံ့ထားကြောင်း၊ မြန်မာစစ်အစိုးရအနေဖြင့် သိသာထင်ရှားသော တိုးတက်မှုများပြသနိုင်ခဲ့လျှင် အမေရိကန်အနေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ရှိလာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သိသာထင်ရှားတဲ့တိုးတက်မှုဆိုသည်မှာ နိုင်ငံရေးသမားများအား ဖမ်းဆီးမှုများမပြုလုပ်ရန်နှင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူလူထုအား ဖိနှိပ်မှုများ မပြုလုပ်ရန်တို့ဖြစ်တယ်လို့ မစ္စစ်ကလင်တန်က ပြောကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အမှုနဲ့ပတ်သက်ပြီးလည်း "ဒေါ်အောင်ဆန်းစုကြည်အပေါ် မြန်မာစစ်အစိုးရအနေနဲ့ တရားသဖြင့် ပြုမူဆောင်ရွက်ဘို့ ကျမတို့မျှော်လင့်ထားတယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောထားပြီးဖြစ်ပါတယ်။ တကယ်တော့ အခုလို ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုနေတာတွေဟာ အခြေအမြစ်မရှိပါဘူး။" လို့ မစ္စစ်ကလင်တန်ကပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တိုင်းရင်းသူများ အမြဲပြုကျင့်ခံရမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် မြန်မာစစ်အစိုးရကို ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ယနေ့ကျင်းပနေသော အာဆီယံဒေသတွင်း လုံခြုံရေးအစည်းအဝေးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ မြောက်ကိုရီးယားနှင့် မြန်မာ့အရေးကို အဓိကထား ဆွေးနွေးလိမ့်မယ်လို့ ယူဆထားကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးအချို့နှင့်လည်း သီးသန့်တွေ့ဆုံရန်ရှိကြောင်း သိရှိရပါတယ်။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

ခင်မမမျိုး

**ယခင်ပတ်မှအဆက်**

အီရတ်ရဲ့ပြည်တွင်းရေးရာကိစ္စတွေမှာ ဝင်မပါဘို့ပါ။ နိုင်ငံတကာကလည်း သဘောတူခဲ့တယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီအချိန်မှာ အမေရိကန်က အဲဒီဒေသအပေါ်ထားတဲ့ ပေါ်လစီက double containment ပါ။ ပင်လယ်ကွေ့စစ်ပွဲဆင်နွဲရတာကလည်း အီရတ်အာဏာရှင်ရဲ့ aggression ကို ရပ်တန့်ဘို့ပါ။ oil reserves ကိုကာကွယ်ဘို့ပါ။ တော်လှန်ရေးလှုပ်ရှားမှုကို ထောက်ခံတယ်ဆိုတာကလည်း အာဏာရှင်ကို ဝင်ရောက်ဖြုတ်ချပေးဘို့အထိ ရည်ရွယ်တာမဟုတ်ပါဘူး။ state-building အထိလည်း ပေါ်လစီက မချမှတ်ထားရသေးပါဘူး။ ဒါကြောင့် သဘောတူခဲ့ကြတာပါ။

ဒီလိုသဘောတူပြီး မကြာခင်မှာဘဲ ဆာဒန်ဟူစိန်တပ်တွေက တော်လှန်ရေးသမားတွေကို ရက်ရက်စက်စက်ဖြိုခွဲနှိမ်နင်းပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး doucmentaries တွေမှာ အမေရိကန်ထိပ်တန်းအရာရှိတွေက ပြန်ပြောင်းပြောဆိုထားတာတွေရှိပါတယ်။ အာဏာရှင်စစ်တပ်တွေ တော်လှန်ရေးသမားတွေကို ချေမှုန်းနေတဲ့ မြို့တွေနဲ့မလှမ်းမဝေးမှာ အမေရိကန်တပ်တွေရှိနေပေမယ့် တော်လှန်ရေးသမားတွေကို ဝင်ရောက်ကူညီပေးဘို့ကကျတော့ အထက်အမိန့်မရတာကြောင့် ဘာမှမလုပ်နိုင်ခဲ့ဘူး ဆိုတဲ့အချက်ပါ။

အာဏာရှင်တွေက ချေမှုန်းသတ်ဖြတ်နေစဉ်မှာဘဲ ဒီလှုပ်ရှားမှုကို နိုင်ငံတကာက ထောက်ခံတယ်ဆိုတဲ့အကြောင်း သတင်းကြေညာချက်တွေ ထွက်ပေါ်နေဆဲပါဘဲ။ ဒါနဲ့ပတ်သက်ပြီး အီရတ်ကျောင်းသားတချို့က နိုင်ငံတကာကို အပြစ်ပြောဆိုခဲ့ကြဘူးပါတယ်။ ဒါပေမယ့် နိုင်ငံတကာအနေနဲ့ကျတော့လည်း ထောက်ခံတယ်ဆိုတာက စစ်ပွဲပြန်စပြီး အာဏာရှင်ကို ဖြုတ်ချပေးမယ်လို့ ဆိုခဲ့တာမဟုတ်ပါဘူး။ တကယ်လို့ ဒီတော်လှန်ရေးပေါ်ပေါက်ခဲ့မှုဟာ တိုင်းပြည်ရဲ့ဖရိုဖရဲဖြစ်နေချိန်မှာ တော်လှန်ရေးသမားတွေဘက်က အောင်ပွဲရယူဘို့ဆိုတာ ဆိုရင်တော့ ဒီမဟာဗျူဟာက မှန်ပါတယ်။

ဒါပေမယ့် ဒီလိုတော်လှန်ရေးဖြစ်လာရင် နိုင်ငံတကာကတော့ လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး။ ဝင်ကူညီပေးမှာဘဲလို့ မမျှော်မှန်းဘဲ မိမိတို့စွမ်းဆောင်ရည်ကို သေချာမတွက်ချက်ဘဲ မျှော်လင့်ချက်နဲ့ လုပ်ခဲ့တာဆိုရင်တော့ ဒါဟာ တော်လှန်ရေးခေါင်းဆောင်တွေရဲ့ အမှားဘဲဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဒီလို strategic calculation အမှားတခုရဲ့ နောက်ကွယ်မှာ တော်လှန်ရေးခေါင်းဆောင်များစွာရဲ့ အသက်တွေ ပေးဆပ်ခဲ့ရတာမို့ တော်လှန်ရေးမျိုးဆက် အားနည်းသွားပြီး အီရတ်စစ်ပွဲ ထပ်မဖြစ်လာခင်အထိ နောက်ထပ် ဆယ်စုနှစ်ကျော်ကာလတလျှောက် အီရတ်ပြည်သူတွေဟာ အာဏာရှင်စနစ်ဆိုးရဲ့ဒဏ်ကို တော်တော်ခံခဲ့ကြရပါတယ်။

အီရန်အခြေအနေမှာကျတော့ အီရတ်နဲ့ကွာခြားပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ အီရန်က ဒီမိုကရေစီလူထုလှုပ်ရှားမှုတွေမှာ အင်အားကြီးနိုင်ငံတွေက ထောက်ခံတယ်ဆိုတဲ့ အဆင့်မှာဘဲရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး အီရန်ကို virtually surrounded အနေအထားမှာရှိနေတဲ့ အမေရိကန်က ဝင်ရောက်ကူညီတိုက်ခိုက်ပေးခြင်း မရှိတာကို ဝေဖန်နေကြပါတယ်။ ဒါပေမယ့် အီရန်နဲ့ပတ်သက်ပြီး အမေရိကန်ပေါ်လစီက အခုအချိန်အထိ containment မူဝါဒဘဲ ရှိပါသေးတယ်။ နောင်တချိန် ပြောင်းချင်လည်းပြောင်းလာမှာပါ။ ဒါပေမယ့် အခုချက်ချင်းပြောင်းလဲမယ့် လက္ခဏာကတော့ မရှိသေးပါဘူး။ အီရတ်ရဲ့ ဒီမိုကရေစီအသွင်ပြောင်းလဲမှုကနေ ဒေသတွင်းနိုင်ငံများမှာ ပျံ့နှံ့ဘို့လောက်အထိကိုဘဲ ပညာရှင်တွေက သုံးသပ်ထားကြတာပါ။

ပေါ်လစီပြုလုပ်သူတွေကလည်း မျှော်မှန်းထားကြတာပါ။ နောက်တခါ အခုလိုအကြမ်းဘက်မှုတွေကို ခြိမ်းခြောက်နေတဲ့ ကမ္ဘာ့စီးပွားပျက် ကပ်ကာလကြီးမှာ အီရန်အာဏာရှင်ကို ဖြုတ်ချနိုင်တယ်ဘဲထား state-builduing အတွက် ဘတ်ဂျက်၊ အီရန်က proxy empire အဖြစ် ကူညီပံ့ပိုးပေးနေတဲ့ အစွန်းရောက်နိုင်ငံရေး ဘာသာရေးအဖွဲ့တွေကနေ ခြိမ်းခြောက်လာနိုင်မယ့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေး ဂယက်၊ အစိုးရတွေရဲ့ သူတို့သက်ဆိုင်ရာနိုင်ငံ မဲပေးသူတွေအကြားက public Relations စတာတွေကိုလည်း အမေရိကန်အပါအဝင် နိုင်ငံတကာအနေနဲ့က ထည့်စဉ်းစားကြရပါလိမ့်မယ်။ ဒါကြောင့် အောင်ပွဲကတော့ အီရန်လူထုလှုပ်ရှားမှု ခေါင်းဆောင်သူများရဲ့အရည်အချင်း၊ တွက်ကိန်းတွေနဲ့ လူထုပေါင်းစပ်ပါဝင်မှု အတိုင်းအတာပေါ်မှာဘဲ မူတည်ပါလိမ့်မယ်။

နိုင်ငံတကာက ဝင်ရောက်ကူညီပေးမှုဆိုတာကတော့ အီရန်ရဲ့နျူကလီးယားလက်နက်စွမ်းရည်နဲ့ ရေနံအရင်းအမြစ်တွေအပေါ် ထိန်းချုပ်ရန်ကြိုးပမ်းမှု၊ proxy empire စတာတွေပေါ်မှာ မူတည်ပြီး တချိန်မှာတော့ အပြောင်းအလဲတွေ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ပညာရှင်များကတော့ နျူကလီးယားနဲ့ပတ်သက်တဲ့ အီရန်အိပ်မက်တွေဟာ အခုကနေ ၂၀၁၄ မှာ အကောင်အထည်ပေါ်လာမယ်လို့ သုံးသပ်ထားကြပါတယ်။ နိုင်ငံတကာဖိအားတွေရှိပေမယ့်လည်း point of no return ကို ရောက်နေပြီဆိုတာကိုတော့ မဟာဗျူဟာလေ့လာသူအားလုံးက တညီတညွတ်တည်း လက်ခံထားခဲ့ကြပါတယ်။

နျူကလီးယား အီရန်ဟာ လက်နက်ကိုင်ဆောင်ထားတဲ့ အီရန်ဟာ strait of Hormuz ကို ပိတ်ပစ်ဘို့ခြိမ်းခြောက်နိုင်တာ၊ ဆော်ဒီရဲ့ oil facilities တွေကို ခြိမ်းခြောက်နိုင်တာ စတာတွေကြောင့် ၂၀၁၄ မတိုင်မီမှာ အီရတ်ရဲ့ဒီမိုကရေစီ ပြောင်းလဲမှုဖြစ်စဉ်ဟာ အီရန်ကိုလည်းရိုက်ခတ်ကူးစက်ပြီး ဒီမိုကရေစီလှုပ်ရှားမှု အင်အားကောင်းလာနိုင်မယ်၊ ဒီမိုကရေစီအသွင်ကူးပြောင်းလာတာနဲ့အမျှ နိုင်ငံရေးအစွန်းရောက်မှုတွေ လျော့နည်းလာမယ်လို့ ပညာရှင်တွေကသုံးသပ်ထားကြပါတယ်။ တကယ်လို့ ၂၀၁၄ အထိ မပြောင်းလဲရင်တော့ နိုင်ငံတကာရဲ့မူဝါဒအပြောင်းအလဲတွေ ဖြစ်ကောင်းဖြစ်လာပါမယ်။

အီရန်နဲ့ပတ်သက်ပြီး နိုင်ငံတကာက နောက်ထပ်စိုးရိမ်မကင်းဖြစ်စရာ ကိစ္စတရပ်ကတော့ proxy empire တည်ဆောက်မှုပါ။ တိတိကျကျဆိုရင် ပုန်ကန်ခြားနားတဲ့အုပ်စုတွေကို နောက်ကွယ်ကနေ ပံ့ပိုးထိန်းချုပ်မှုတွေပါ၊ ဒါက ပင်လယ်ကွေ့ဒေသတွင်းမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း ပင်လယ်ကွေ့ဒေသထဲမှာ အီရန်ရဲ့အင်အားကြီးမားလာမှုကိုတော့ တနည်းတဖုံနဲ့ အထောက်အကူပြုပါတယ်။ လက်ဘနွန်နဲ့ဂါဇာကမ်းမြောင်ဒေသက ပုန်ကန်ခြားနားသူတွေကို အီရန်ကပံ့ပိုးပေးနေပါတယ်။ ၂၀၀၆ ခုနှစ်၊ လက်ဘနွန်စစ်ပွဲ၊ အစ္စရေးကို အကြမ်းဖက်တိုက်ခိုက်နေတဲ့ ဟက်စ်ဘိုလာနဲ့ ဟားမားစ်အဖွဲ့တွေကို အီရန်ကပံ့ပိုးနေတဲ့အကြောင်း နိုင်ငံတကာက ဖော်ထုတ်သိရှိပြီးတဲ့နောက်မှာ ဒီလို အီရန်ရဲ့ proxy warfares တွေနဲ့ proxy empire တည်ဆောက်နေမှုဟာ အပြည်ပြည်ဆိုင်ရာလုံခြုံရေးအတွက် ထင်ရှားတဲ့ ခြိမ်းခြောက်မှုဖြစ်လာပါတယ်။

နိုင်ငံရေးပညာရှင်အချို့ကတော့ အီရန်ရဲ့မဟာဗျူဟာရည်မှန်းချက်တွေက proxy စစ်ပွဲတွေနဲ့ သူ့ရဲ့ပါဝါကို ချဲ့ထွင်နိုင်ဘို့နဲ့ ပင်လယ်ကွေ့ဒေသ ရေနံကိုထိန်းချုပ်နိုင်ဘို့လို့ သုံးသပ်ပြောဆိုကြပါတယ်။ ဒီမဟာဗျူဟာရည်မှန်းချက်တွေ ပြည့်မှီနိုင်လား၊ မမှီနိုင်လားဆိုတာကတော့ နျူကလီးယားလက်နက် ထုတ်လုပ်မှုစွမ်းရည်နဲ့ နိုင်ငံတကာအခင်းအကျင်းတွေ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အလားအလာတွေအပေါ်မှာဘဲ မူတည်ပါလိမ့်မယ်။

လာမယ့်အပတ်မှာ ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီဝင်နိုင်ငံများနဲ့ ပတ်သက်တာတွေကို ဆက်လက်တင်ပြပါမယ်။

**ရှေ့အပတ်ဆက်လက်ဖော်ပြပါမည်**

# ရိုးမ သတင်းဌာနမှ ကလေးစစ်သား စုဆောင်းခြင်း အစီရင်ခံစာ စာအုပ်ထုတ်ဝေ

**DVB၊ ဇူလိုင် ၂၂။** ။ အခုထုတ်ဝေတဲ့စာအုပ်ကို မြန်မာ့သားကောင်းများအတွက် ဝမ်းနည်းဖွယ်ရာ ကလေးစစ်သားများလို့ အမည်ပေးထားပါတယ်။

စာအုပ်ထဲမှာ စစ်သားစုဆောင်းရေး နောက်ခံသမိုင်းကြောင်း၊ လေ့လာတွေ့ရှိရတဲ့ စစ်သား စုဆောင်းတဲ့ပုံစံနဲ့ ရာခိုင်းနှုန်းရေတွက်ခြင်း၊ ကလေးစစ်သားတွေနဲ့ အင်တာဗျူး၊ ပြည်တွင်းလူကုန်ကူးမှု လို့ ခေါ်နိုင်တဲ့ စစ်သားစုဆောင်းရေးဈေးကွက်စတဲ့ အကြောင်းအရာတွေကို အချက်အလက် ပြည့်ပြည့်စုံစုံဓါတ်ပုံနဲ့တကွ ဖော်ပြထားပါတယ်။ အစီရင်ခံစာ စာအုပ်ထုတ်ရခြင်း ရည်ရွယ်ချက်ကို ရိုးမ ၃ သတင်းဌာန အယ်ဒီတာ ငြိမ်းလူက ပြောပြပါတယ်။

"ဒီနေ့အချိန်အထိ ကလေးစစ်သားတွေ စုဆောင်းနေတယ်လို့ ကျနော်တို့အထောက်အထား အခိုင်အမာနဲ့ နိုင်ငံတကာကိုရော၊ လူ့အခွင့်အရေးအဖွဲ့အစည်းကိုရော တင်ပြနိုင်အောင်ရည်ရွယ်ပြီး ထုတ်ဝေတာပါ၊ ထုတ်ပြီးတဲ့ နောက်ပိုင်း နိုင်ငံတကာနဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေကိုလည်း ပေးဖို့မှာဖြစ်ပါတယ်။ နိုင်ငံတကာက လူ့အခွင့်အရေးလုပ်နေတဲ့ အဖွဲ့အစည်းတွေ ဒီစာအုပ်မှာ ပါဝင်တဲ့အချက်အလက်တွေကို ကြည့်ရှုပြီး နောင်မှာကိုးကားနိုင်အောင်ရည်ရွယ်ပြီး ထုတ်ဝေခြင်းဖြစ်ပါတယ်။"

တနှစ်အတွင်း တပ်ရင်းတရင်းကနေ ထွက်ပြေးတဲ့ စစ်သားဦးရေ ၃၀ လောက်ရှိတယ်လို့ ၂၀၀၇ ဇူလိုင် စစ်ဆင်ရေး အထူးအစည်းအဝေးမှာ ထုတ်ဖော်ပြောဆိုခဲ့တာတွေရှိခဲ့ပါတယ်၊ ဒါ့ကြောင့်လည်း တနှစ်ကို စစ်သား ၆ သောင်းနီးပါးစုဆောင်းရရှိနိုင်ဖို့ နယ်လှည့် စစ်သားစုဆောင်းရေးတပ်တွေကို ဖွဲ့စည်းပြီး ကျေးရွာတွေအထိ စစ်သားစုဆောင်းတာတွေ လုပ်ခဲ့ကြပါတယ်။

"ကျနော်တို့လေ့လာချက်အရ တလကို စုဆောင်းရေးတပ်ကနေ ကလေးငယ် တရာကျော်စုဆောင်းနေတာ တွေ့ရပါတယ်။ စုဆောင်းရေးတပ် မဟုတ်ဘဲ နယ်လှည့်စုဆောင်းရေးတပ်ခွဲ ၃၇ မြို့နယ်မှာထားထားတယ်။ အဲ့ဒီ တပ်ဖွဲ့ခွဲတွေက နယ်မြေအလိုက် ကလေးစစ်သားစုဆောင်းတာ ရှိပါတယ်။ အဲ့ဒီ မှာ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေ တော်တော်များများတွေ့ရတယ်။ နောက်ပိုင်းမှာ ကျောင်းမတက်နိုင်တော့ဘူး အလုပ်လက်မဲ့ ဖြစ်သွားတဲ့ လေလွင့်ကလေးငယ်တွေ အဓိကထား ပစ်မှတ်ထားလာတာ တွေ့တယ်။"

စစ်အုပ်စုက အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီကို ၂၀၀၄ ခုနှစ် ၁ လပိုင်းမှာ ဖွဲ့စည်းခဲ့ပေမယ့် ကလေးစစ်သားစုဆောင်းမှုတွေက ဆက်လက် ကြီးထွားလာပါတယ်။ စစ်တပ်တွင်းကထွက်ပြေးသူတွေ များလာတာကြောင့် စစ်အင်အားပြည့်မှီရေးအတွက် အရွယ်မရောက်သေးတဲ့ ကလေးစစ်သားတွေကို အဓမ္မစုဆောင်းရင်း ပြည်တွင်းမှာ လူကုန်ကူးမှုဈေးကွက်သဖွယ် ကြီးထွားလာပါတယ်။ မိမိကလေး စစ်သားစုဆောင်းရေးကို ရောက်ရှိသွားရင် မိဘတွေက နိုင်ငံတကာ အလုပ်သမားအဖွဲ့ကြီး အိုင်အယ်လ်အိုကို တိုင်ကြားသင့်တယ်လို့ အယ်ဒီတာ ငြိမ်းလူက ပြောပါတယ်။

"ကလေးပျောက်သွားပြီဆိုတာနဲ့ သက်ဆိုင်ရာ ရဲစခန်းကို တိုင်တဲ့အခါမှာ ကလေးက ဘယ်နေ့က ဘယ်နေရာမှာ ပျောက်သွားတယ်၊ သာမာန်မြင်တွေ့လိုက်ရတဲ့မျက်မြင်တွေက လာပြောပြလို့ တပ်က အဓမ္မခေါ်သွားတာဆိုရင် ဘယ်တပ်ကို ခေါ်သွားတယ်ဆိုတာ ဒုတိယအဆင့်သိဖို့လိုတယ်။ အဲ့ဒီတပ်ကို လိုက်ပြီး သူ့ကလေး အရွယ်မရောက်သေးဘူး၊ ကျောင်းသားအရွယ်ဖြစ်တယ်၊ အဲ့တော့ ကလေးကို ပြန်ပေးပါ။ တကယ်လို့ ကျောင်းတက်နေတဲ့ ကလေးဆိုရင် လက်ရှိကျောင်းအုပ်ရဲ့ ထောက်ခံချက်တွေ ယူလာဖို့လိုတယ်။ ပြီးတာနဲ့တပြိုင်နက်တည်း အိုင်အယ်လ်အိုရုံးကို တိုင်ဖို့လိုတယ်၊ ဖွဲ့စည်းထားတဲ့ ကော်မတီတွေကိုတိုင်ဖို့လိုတယ်။ အဲ့လို အဆင့်ဆင့် လုပ်မယ်ဆိုရင်တော့ ကလေးတွေ လွတ်မြောက်ဖို့ လမ်းရှိတယ်။ သို့သော် မိဘတွေက အိုင်အယ်လ်အိုရုံးကို သွားတိုင်ရမှာ တော်တော်ကြောက်ကြတယ်။ စစ်အုပ်စုက အိုင်အယ်လ်အိုကို မျက်စိဒေါက်ထောက်ကြည့်နေတော့ ပြန်ပြီးအရေးယူခံရမှာ ကြောက်ကြတယ်။ သက်ဆိုင်ရာ မီဒီယာတွေကဖြစ်ဖြစ်၊ တခြားပညာပေးလုပ်ငန်းတွေကပဲ ဖြစ်ဖြစ် မိဘတွေ ကလေးငယ်စုဆောင်းခံရတာဆိုရင် အိုင်အယ်လ်အိုရုံးကို ရဲရဲတင်းတင်းသွားတိုင်ဖို့ လှုံ့ဆော်ပေးဖို့လိုပါတယ်။"

ရိုးမ ၃ သတင်းဌာနက ပြည်တွင်းအဆက်အသွယ် အကူအညီတွေနဲ့ ၂၀၀၈ ခု ၁ လပိုင်းမှ ၉ လပိုင်းထိ နအဖက ကလေးစစ်သား စုဆောင်းမှုအပေါ် စောင့်ကြည့်လေ့လာရင်း ရရှိတဲ့အချက်အလက်တွေကို အခုထုတ်ဝေတဲ့ အစီရင်ခံစာစာအုပ်မှာ ရေးသားဖော်ပြထားတာ ဖြစ်ပါတယ်။

# မြစ်ကြီးနားမြို့မှ နေကြတ်မှုကို အသေအချာ အကြာဆုံးမြင်တွေ့ခဲ့ရဟုဆို

**DVB၊ ဇူလိုင် ၂၂။** ။ ဒီနေ့မှာ ဖြစ်သွားတဲ့ ၂၁ ရာစုရဲ့ အကြာဆုံးနေကြတ်မှုကို မြန်မာနိုင်ငံ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ အကြာဆုံးမြင်တွေ့လိုက်ရတယ်လို့သိရှိရပါတယ်။

ဒီနေ့ နေကြတ်မှုကို အာရှဒေသတွင်း နိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာပြည်မြောက်ပိုင်းဒေသတွေနဲ့ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ကိုရီးယားတို့ကိုဖြတ်ကျော်ပြီး ဂျပန်နိုင်ငံတောင်ပိုင်းတွေမှာ မြင်တွေ့ခဲ့ရတာပါ။ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ နေကြတ်တာကို မြင်တွေ့လိုက်ရတဲ့ မြို့ခံတဦးက ပြောပါတယ်။

"အစ်မတို့က ဈေးထဲမှာဆိုတော့ ဈေးထဲကနေ အကုန်လုံးကြည့်နေကြတာ။ ၂၂ ရက်နေ့ ကြတ်မယ်လို့လည်း ပြောထားတယ်လေ။ ရာသီဥတုက တမျိုးကြီး။ ခါတိုင်းနဲ့မတူဘူး။ မိုး တအားရွာတော့မယ့် ပုံစံမျိုးဖြစ်ပြီးမှ အလင်းရောင်လေးလာပြီး အဲဒီမှာ နေစကြတ်တာ။ ခနလေးပဲ။ နေတခုလုံးတော့ ဖုံးသွားတယ်။ ၇ နာရီခွဲပြီး ၅ မိနစ်တိတိမှာ အကုန်မှောင်တော့ မမှောင်သွားဘူး။"

နေကြတ်ပြီးသွားချိန်မှာတော့ ရာသီဥတုက သာယာတယ်လို့လည်း သူကပြောပါတယ်၊ ပူတာအိုမြို့ဘက်မှာ မနက်ပိုင်း မိုးအုံ့နေတာကြောင့် နေကြတ်တာကိုမမြင်လိုက်ရပေမယ့် မှောင်သွားတာကိုတော့ သတိထားလိုက်မိတယ်လို့ ပူတာအိုမြို့ခံတယောက်က ပြောပါတယ်။

"မနက်ပိုင်း မိုးအုံ့တော့ ကြတ်တာ မသိလိုက်ဘူး။ တော်တော်လေးမှောင်တော့ မှောင်သွားတာ သိလိုက်တယ်။"

ရန်ကုန်မြို့မှာ မနက်ပိုင်းက မိုးအုံ့နေ တာကြောင့် မြို့ခံတော်တော်များများ သတိမထားမိလိုက်ကြဘူးလို့ မြို့ခံအချို့က ပြောပါတယ်။ မြန်မာနိုင်ငံ နက္ခတ္တဗေဒပညာရှင်များ အစည်းအရုံး ဒုဥက္ကဋ္ဌ ဦးဇေယျာသူကတော့ ဒီနှစ်နေကြတ်မှုတွေထက် လာမယ့် ၂၀၁၀ ဇန်နဝါရီလမှာဖြစ်ပေါ်မယ့် နေကြတ်မှုကို မြန်မာပြည်သူတွေအနေနဲ့ ပြည့်ပြည့်ဝဝ မြင်တွေ့ရဖို့ ရှိတယ်လို့ ပြောပါတယ်။

"၂၀၁၀ မှာ ကျနော်တို့ဆီမှာ နေအပြည့်ကြတ်မှာ။ အခုမြင်ရတဲ့ အနေအထားထက် အများကြီးကောင်းတဲ့ အနေအထားနဲ့မြင်ရမယ်။ လမ်းကြောင်းက မန္တလေးမြို့ကို ဖြတ်ပြီးသွားမယ်။ အဓိကဖြတ်လမ်းမှာ စစ်တွေကနေ စဖြတ်ပြီး ပုဂံ၊ ညောင်ဦးနဲ့ မန္တလေးဖြတ်ပြီးမှ တရုတ်ဘက်ကို ဆက်သွားမယ်။ နေကြတ်မှုလမ်းက မြန်မာနိုင်ငံအလယ်ပိုင်းက ဖြတ်သွားကြောင့် ဒီနေကြတ်မှုဖြစ်စဉ်က ထူးခြားနိုင်ပါတယ်။ နောက်ထပ် အဲဒီလိုဖြစ်စဉ်မျိုးကို ၂၀၈၅ မှာမှ ထပ်တွေ့ရမယ်။ ၂၀၁၀ နေကြတ်မှုကတော့ ထူးခြားမှုတွေရှိလာနိုင်တယ်။"

နေကြတ်လကြတ်မှုတွေ ပြီးတဲ့နောက်မှာ နိုင်ငံရေးအခြေအနေအပြောင်းအလဲတွေ ဖြစ်ပေါ်လာနိုင်တယ်လို့ မြန်မာပြည်သူကြားမှာ ပြောဆိုနေတာတွေလည်း ရှိနေပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR

www.faxtoon.com

NO. 440 July 10, 2009



# ဗိုလ်ချုပ်ရွှေမန်း လျှို့ဝှက်အစီရင်ခံစာပေါက်ကြား တပ်အရာရှိအချို့အဖမ်းခံရ

**RFA l ဇူလိုင် ၂၀ ။** ။ မြန်မာစစ်အစိုးရရဲ့ တတိယထိပ်တန်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းရဲ့ လျှို့ဝှက်ခရီးစဉ်အစီရင်ခံစာ ပြည်ပသတင်းဌာနတွေကို ပေါက်ကြားခဲ့မှုအတွက် နေပြည်တော်မှာရှိတဲ့ အရာရှိ ၁၀ ဦးထက်မနည်း အဖမ်းခံထားရတယ်လို့ သိရပါတယ်။

အဖမ်းခံရတဲ့အရာရှိတွေဟာ ကာကွယ်ရေးဦးစီးဌာန ကြည်းတပ်က ဗိုလ်ကြီးအဆင့်ရှိသူတွေဖြစ်ပြီး ဒီအမှုနဲ့ပတ်သက်ပြီး စစ်ဖက်ဆိုင်ရာအရာရှိတချို့လည်း ထွက်ပြေးပုန်းရှောင်နေရတဲ့အကြောင်း စစ်ဖက်နဲ့နီးစပ်တဲ့ အသိုင်းအဝိုင်းတွေကို ကိုးကားပြီး ထိုင်းနိုင်ငံထုတ် ဧရာဝတီမဂ္ဂဇင်းမှာ ရေးသားထားပါတယ်။ အလားတူ မြောက်ကိုရီးယားက နေပြည်တော်မှာ မြေအောက်ဥမင်လိုဏ်တူးဖော်မှု သတင်းနဲ့ ဗီဒီယိုတွေ ပေါက်ကြားခဲ့တဲ့အတွက် အရာရှိတွေကို ဖမ်းဆီးထားတယ်လို့ မကြာခင်က ထိုင်းနိုင်ငံထုတ် The Nation သတင်းစာမှာလည်း ဖော်ပြခဲ့ပါတယ်။

ဧရာဝတီမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဇော်ကတော့ အနည်းဆုံးနေပြည်တော်မှာ စုံစမ်းစစ်ဆေးမှုတွေ အကြီးအကျယ်လုပ်နေတယ်လို့ စစ်ဖက်အသိုင်းအဝိုင်းကို ကိုးကားပြီး ပြောပါတယ်။ “ပြီးခဲ့တဲ့အပတ်က ထပ်ပြီးတော့အတည်ပြုလို့ရတဲ့ Source နှစ်ခု သုံးခုကနေပြီးတော့ ပြောတာပါ။ အနည်းဆုံး Officer ၁၀ ဦး ထက်မနည်း နေပြည်တော်မှာ အဖမ်းခံရတယ်။ ညွှန်ချုပ်တွေလည်း စစ်ဆေးခံရတဲ့အထဲမှာပါတယ်။ စစ်ဆေးရေးလုပ်နေတယ်။ Investigation ဝင်နေတယ်။

ဆိုတော့ အဖမ်းခံရတယ်ဆိုတာ တချို့က သံသယရှိလို့ အဖမ်းခံရတာရှိနိုင်တယ်။ တချို့ကျတော့ စစ်ဆေးရေးဝင်တာရှိနိုင်တယ်။ အဲဒါ သိမ်းကျုံးပြီး အဖမ်းခံရတယ်ဆိုပြီးတော့ သတင်းဌာနတွေက ရေးတာလည်းပါနိုင်တယ်။ ကျနော်မြင်တာကတော့ ဒီသတင်းတွေကိုပေါက်ကြားပြီး နောက်ပိုင်းကစပြီးတော့ တပ်မတော်အရာရှိပိုင်းမှာ ထိပ်ပိုင်းမှာ နောက်ပြီးတော့ နေပြည်တော်ထဲမှာ အကြီးအကျယ်ကို အပြန်ပြန်မြေလှန်ပြီးတော့ စစ်ဆေးမှုတွေလုပ်နေတာ သုံးလေးပတ်ရှိသွားပါပြီ။”

မြန်မာစစ်အစိုးရရဲ့ လျှို့ဝှက်အစီရင်ခံစာတွေ ပေါက်ကြားမှုဟာ အခုကာလမှာမှမဟုတ်ဘဲ အရင်ကလည်း စစ်ဖက်ဆိုင်ရာအစီရင်ခံစာ သတင်းတွေ မကြာခဏပေါက်ကြားခဲ့ဘူးပါတယ်။ နေပြည်တော်နဲ့နီးစပ်သူတဦးက RFA ကိုပြောပြရာမှာ မကြာခင်ကလည်း မြောက်ပိုင်းတိုင်း တိုင်းမှူးရဲ့လက်မှတ်မထိုးရသေးတဲ့ စာမူကြမ်းတောင် နေပြည်တော်ကနေ အပြင်စီးပွားရေးလောကကို ပေါက်ကြားခဲ့ကြောင်းသိရပါတယ်။

ဒါပေမယ့် မြောက်ကိုရီးယားနဲ့မြန်မာ စစ်ရေးဆက်ဆံမှုကို ဓာတ်ပုံတွေနဲ့ တကွ ပေါက်ကြားခဲ့တာဟာ မြောက်ကိုရီးယားသင်္ဘော မြန်မာပြည်လာနေတယ်လို့ သတင်းထွက်ချိန်နဲ့ အချိန်ကိုက်ဖြစ်တဲ့အတွက် နေပြည်တော်အတွင်းစည်းမှာကို ခေါင်းဆောင်ပိုင်းမှာ ယုံကြည်မှုပျက်ပြားတာတွေ ရှိတယ်လို့ယူဆကြောင်း ကိုအောင်ဇော်ကသုံးသပ်ပါတယ်။

“ဖော်ထုတ်ချင်တဲ့သူက တပ်မတော်ပိုင်းမှာကိုက အရာရှိပိုင်းမှာကိုက ကမ်နန်သင်္ဘောကြီး လာနေတဲ့အချိန်မှာ တမင်သက်သက်ကို ရည်ရွယ်ချက်ရှိရှိနဲ့ ဖော်ထုတ်တာ ဖြစ်တဲ့အတွက်ကြောင့် ကျနော်ထင်တယ် တပ်မတော်အရာရှိပိုင်းမှာ ရိုက်ခတ်မှုရှိတယ်။ သူတို့ထဲမှာ မယုံကြည်မှုတွေပိုဖြစ်သွားတယ်။ ဒါကြောင့်လည်း စစ်ဆေးမှုတွေလုပ်နေတာဖြစ်တယ်။

တချို့ဆိုလည်း ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့အောက်မှာလုပ်ခဲ့ဘူးတဲ့ တချို့ ထောက်လှမ်းရေးနဲ့ပတ်သက်တဲ့လူတွေ ဘာတွေဆိုရင် တော်တော်များများက ပြေးကြ ပုန်းကြပြီလို့ ကျနော်သိရတယ်။ ဆိုတော့ သူတို့က တမင်သက်သက်ကို မီဒီယာကို leak လုပ်ပြီးတော့ ကမ်နန်သင်္ဘောနဲ့ချိတ်တာပေ့ါ။ အမှန်တော့ ဒီသတင်းတွေက မီဒီယာမပါဘဲနဲ့အပြင်မှာ နှစ်လသုံးလလောက် နိုင်ငံခြားထောက်လှမ်းရေးဌာနတွေမှာ အကုန်လုံး လက်ခံရရှိပြီးပြီလို့ သိရပါတယ်။”

ဗိုလ်ချုပ်ကြီးသူရရွှေမန်းရဲ့ မြောက်ကိုရီးယား လျှို့ဝှက်ခရီးစဉ်နဲ့ပတ်သက်တဲ့ အစီရင်ခံစာအကြောင်း သတင်းဖော်ပြချက်တွေကို ပြည်ပအသံလွှင့်မီဒီယာတွေနဲ့ အင်တာနက်စာမျက်နှာတွေမှာ ပြီးခဲ့တဲ့ ဇွန်လကုန်က အသီးသီးဖော်ပြခဲ့ပါတယ်။

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


**To**

AIR MAIL

PRINTED MATTER